# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆန်း (၅)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (16-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၃၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



**အမှာစကားပြောကြား**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး **စာမျက်နှာ ၁၆ ကော်လံ ၁**

## ဖလမ်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ကောင်းမွန်မြန်ဆန်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရန် မြန်မာ့ဆက်သွယ်ရေး B2B Satellite Terminal တပ်ဆင်ထား

ဖလမ်း စက်တင်ဘာ ၁၅

ချင်းပြည်နယ် ဖလမ်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ကောင်းမွန်မြန်ဆန်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် မြန်မာ့ဆက်သွယ်ရေး **စာမျက်နှာ ၁၉ ကော်လံ ၁**




## ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနှင့် ဝဲနံမြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးရှိ မြို့နယ်ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများကို တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၅

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် **စာမျက်နှာ ၁၇ ကော်လံ ၁**

နယ်မြေခံတပ်မတော်သားများက ရေဝင်ရောက်မှုတားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။






## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၅

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၁၉ ရက်အတွင်း **စာမျက်နှာ ၁၉ ကော်လံ ၄**

**ရတနာပုံ** **ယနေ့ဖတ်စရာ**

ကမ္ဘာကြီးပူနွေးလာမှု လျှော့ချဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ဆောင်းပါး စာမျက်နှာ - ၁၀

ရတနာပုံ

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၆ ရက်

အယ်ဒီတာ့အာဘော်

# ကမ္ဘာမြေ ပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့

အိုဇုန်းလွှာသည် နေရောင်ခြည်မှ အန္တရာယ်ရှိသော UV–B နှင့် UV–C ခရမ်းလွန်ရောင်ခြည်တို့ ကမ္ဘာမြေပြင်သို့ တိုက်ရိုက်မကျရောက်စေရန် စုပ်ယူကာကွယ်ပေးသည့် သဘာဝအကာအရံတစ်ရပ်ဖြစ်သဖြင့် လူသားများအပါအဝင် သက်ရှိအားလုံးအတွက် မရှိမဖြစ်အရေးပါသည်။

ထိုအိုဇုန်းလွှာသည် လူသားတို့၏ မဆင်မခြင်လုပ်ရပ်များကြောင့် ၂၀ ရာစုနောက်ပိုင်းတွင် သိသိသာသာပျက်စီးလာခဲ့ရသည်။ ထိုသို့ ပျက်စီးလာရခြင်းသည် လူသားတို့၏ နေ့စဉ်ဘဝတွင် အသုံးပြုနေကြသည့် လူ့အသုံးအဆောင်ပစ္စည်းများနှင့်ဆက်စပ်လျက်ရှိသည်။ ထိုပစ္စည်းများမှာ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ မီးသတ်ဆေးဘူး စသည်တို့ဖြစ်ပြီး ၎င်းတို့ထဲတွင် အသုံးပြုထားသည့် ကလိုရင်းပါဝင်သော ဟိုက်ဒရိုကလိုဖလူရိုကာဗွန်များ၊ စိုက်ပျိုးရေးလုပ်ငန်းများတွင်အသုံးပြုသည့် ပိုးသတ်ဆေးတချို့၌ ပါဝင်သော ဘရိုမင်းတို့သည် စထရာတိုစဖီးယားအလွှာရှိ အိုဇုန်းမော်လီကျူးများနှင့်ဓာတ်ပြုပြီးနောက် အိုဇုန်းလွှာပါးလွှာခြင်း၊ ပေါက်ပြဲပျက်စီးခြင်းတို့ ဖြစ်လာစေသည်။

ထိုကဲ့သို့ ကမ္ဘာတစ်ဝန်းလုံးနှင့်သက်ဆိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာကို နိုင်ငံတစ်နိုင်ငံတည်း၏ ကြိုးပမ်းမှုဖြင့် ဖြေရှင်းနိုင်မည်မဟုတ်ဘဲ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ထိထိရောက်ရောက်ကာကွယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာပဋိညာဉ်ကို ၁၉၈၅ ခုနှစ် မတ် ၂၂ ရက်တွင် နိုင်ငံပေါင်း ၂၈ နိုင်ငံက လက်မှတ်ရေးထိုးခဲ့ကြပြီး ထိုပဋိညာဉ်မှတစ်ဆင့် အိုဇုန်းလွှာကာကွယ်ရေးအတွက် မွန်ထရီရယ်ပဋိညာဉ်ကို ရေးဆွဲနိုင်ခဲ့သည်။ ထို့နောက် ၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် မွန်ထရီရယ်ပဋိညာဉ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

မွန်ထရီရယ်ပဋိညာဉ် လက်မှတ်ရေးထိုးခဲ့သည့် စက်တင်ဘာ ၁၆ ရက်ကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၄ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့သည်။ ယခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်မှာ **"ကမ္ဘာမြေ ပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့"** ဟူ၍ဖြစ်သည်။

အိုဇုန်းလွှာကို ထိန်းသိမ်းကာကွယ်ခြင်းသည် လူသားတို့၏ ကျန်းမာရေးနှင့် ကမ္ဘာမြေ၏ ရေရှည်တည်တံ့မှုအတွက် အရေးကြီးလှပေသည်။ အိုဇုန်းလွှာပျက်စီးမှုကို လျှော့ချနိုင်ရန် အိုဇုန်းလွှာကို ထိခိုက်စေသည့် ဓာတုပစ္စည်းများ အသုံးပြုမှုကို လျှော့ချခြင်း၊ စွမ်းအင်ကို ချွေတာသုံးစွဲခြင်း၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် နည်းပညာများကို အသုံးပြုခြင်းတို့ကို လူတိုင်းက မိမိတို့၏နေ့စဉ်ဘဝမှ စတင်လုပ်ဆောင်ကြရမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်ချင်းစီ၏ သေးငယ်သည့်ပူးပေါင်းပါဝင်မှုများ စုစည်းလာပါက ကမ္ဘာမြေ၏ အနာဂတ်အတွက် ကြီးမားသော အကျိုးကျေးဇူးများ ဖြစ်ထွန်းလာမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင် လူသားအားလုံးက တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အဖွဲ့အစည်းများအနေဖြင့်သော်လည်းကောင်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ယနေ့မျိုးဆက်အတွက်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ ပိုမိုအေးမြပြီး သာယာလှပသောကမ္ဘာကြီးကို လက်ဆင့်ကမ်းနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၁၄၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၁၄၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၁၄၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ထောပတ်ပဲ ဧက ၃၁၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ထောပတ်ပဲကို ဆောင်းမှာပဲ အဓိကထား စိုက်ပျိုးကြတာပါ။ ထောပတ်ပဲ စိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းပါတယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ရေဦးမြို့နယ်တွင် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။ (၂၀၆)

# စဉ့်ကိုင်မြို့နယ် သစ်ခေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်ခေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၃၀ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၉ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက ပြောပြ၍ သိရသည်။

အောင်ရဲကျော်

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း အုန်းသီးနုအလုံးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း အုန်းသီးနု အလုံးရေ အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက အုန်းသီးနုအလုံးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်းအုန်းသီးနုအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ အုန်းသီးနု အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေ ထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း အုန်းသီးနုတွေ ဝယ်ယူမှုအား ကောင်းခဲ့ပါတယ်။ လက်ရှိမှာလဲ ရန်ကုန်ဈေးကွက်က အုန်းသီးနုတွေ ဝယ်ယူအား ကောင်းနေပါတယ်။ ဒေသထွက် အုန်းသီးနုတွေ ဝယ်ယူမှု ကောင်းလာတဲ့အတွက် စိုက်ပျိုးသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်–၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်–၀၀၁၆၈၊ စာတည်းအဖွဲ့–၀၃၃–၇၂၇၈၁၊၀၉–၄၅၈၈၉၁၃၀၀၊ ကြော်ငြာ–၈၄လမ်းနှင့် ၂၉–၃၀ လမ်းကြား– ၀၂–၄၀၆၆၆၅၊ ဖြန့်ချိရေး–၀၂–၄၀၁၆၄၂၂၊ E-mail–yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# သာစည်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကျောက်အိုးကျေးရွာနှင့် ကျောက်ပြားတောင်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျောက်အိုးကျေးရွာနှင့် ကျောက်ပြားတောင်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် အရောင်းအဝယ်လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောက်အိုးကျေးရွာနှင့် ကျောက်ပြားတောင် ကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၆ ဦးကို ရန်ပုံငွေကျပ် ၅၈ သန်း ထုတ်ချေး ပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်၌ ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းပြုလုပ်

**ချမ်းမြသာစည် စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ချမ်းမြသာစည်မြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့ ပူးပေါင်းကာ ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ကန်သာယာရပ်ကွက်ရှိ ချမ်းမြေ့ရိပ်မြုံဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဲနုအောင်နှင့်သားဖွားဆရာမများက အသက် ငါးနှစ်အောက်ကလေးငယ်များကို ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်တီဘီရောဂါကာကွယ်ဆေး၊ ပိုလီယိုထိုးဆေး၊ ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်အမြှေးပါးရောင်ရောဂါကာကွယ်ဆေးထိုးနှံပေးပြီး ပိုလီယိုရောဂါကာကွယ်ဆေး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးနှင့် မျက်စိအားဆေးတို့တိုက်ကျွေးကာ ကိုယ်ဝန်ဆောင်မိခင်များကို မေးခိုင်ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး ဆရာမများက အပတ်စဉ် တနင်္လာနေ့တိုင်း နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ချမ်းမြေ့ရိပ်မြုံဓမ္မာရုံ၌ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**အလင်းသစ်**

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၄၂၄၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**အရာတော် စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၄၂၄၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၄၂၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ဖူးစားပြောင်း ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်" ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

အရာတော်မြို့နယ်တွင် ဖူးစားပြောင်းစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖော ငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းယောင်းမြို့နယ် နားဖန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယောင်း စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားဖန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုး၊ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးခိုင်နှင့် တာဝန်ရှိသူများက နားဖန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရန်ပုံငွေများလေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ နားဖန်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၁ ဦးကို ရန်ပုံငွေကျပ်သိန်း ၄၁၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်းပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ပီလောပီနံ့ဥများ ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် စက်တင်ဘာလပထမပတ်မှ ယနေ့ထိ ပီလောပီနံ့ဥများ ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ ပီလောပီနံ့ဥ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ပီလောပီနံ့ဥတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်ကောင်းနေပါတယ်။ အရောင်းအဝယ်ဖြစ်နေတဲ့ ပီလောပီနံ့ဥတွေက အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားလဲကင်းပါတယ်။ အခုလို ပီလောပီနံ့ဥတွေပေါ်နေတဲ့အချိန် အရောင်းအဝယ် ကောင်းမွန်နေတော့ စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ယှဉ်တွဲပြီး ပီလောပီနံ့ဥအပါအဝင် အခြား ရာသီပေါ်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါပီလောပီနံ့ဥများကို တောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြပြီး ပီလောပီနံ့ဥ တစ်ဧကလျှင် စိုက်ပျိုးစရိတ် ငွေကျပ် ၃၇၀၀၀၀ ထိ ကုန်ကျစရိတ်ရှိပြီး အပျက်အစီး၊ အလေအလွင့်မရှိပါက ငွေကျပ် ၉၀၀၀၀၀ ကျော်ထိရရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# သိဃ်သူ့သမီးကျောက်စာ

## မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံတွင် ကျောက်စာရေးထိုးသည့် အလေ့အထကို ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် ကာလအတွင်း လွန်ခဲ့သည့် နှစ် ၁၆၀၀ ခန့်တွင် စတင်ကျင့်သုံးခဲ့သည်။ ထို့ကြောင့် ရှေးဟောင်းသုတေသနပညာရှင် ဦးမြင့်အောင်က တွေ့ရှိခဲ့သော ရှေးဟောင်း ကျောက်စာများတွင် လက်ရှိ ပြည်မြို့အနီး မှော်ဇာရွာတစ်ဝိုက်တွင် တွေ့ရှိခဲ့သည့် ကျောက်စာနှင့် အရိုးအိုးစာများ၊ ဝက်လက်မြို့အနီး ဟန်လင်းတွင် တွေ့ရှိရသည့် ကျောက်စာများသည် အစောဆုံးဖြစ်ကြောင်း ရေးသားခဲ့သည်။

ဦးမြင့်အောင်ရေးသားသည့် မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှု သုတေသနစာအုပ်တွင် မြန်မာပြည်နှင့် ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံအနှံ့အပြား တွေ့ရှိရသော ကျောက်စာများသည် စုစုပေါင်းချပ်ရေ ၃၀၀၀ ခန့်ရှိလိမ့်မည်ဟု ရေတွက်မှတ်တမ်းပြုထား၏ဟု ဖော်ပြထားသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက ၂၀၁၇ ခုနှစ် ဇူလိုင်လထိ ပြုစုထားသည့် အနယ်နယ်အရပ်ရပ်ရှိ မြန်မာကျောက်စာ စာစုစာရင်းတွင် ကျောက်စာချပ် ၉၈၀ ကို ကျောက်စာအမည်၊ လက်ရှိတည်ရှိသည့်နေရာ၊ ကျောက်စာအမျိုးအစား၊ ရေးထိုးသည့် ခုနှစ်၊ ကျောက်စာ မျက်နှာ အရေအတွက်၊ ကျောက်စာ စာကြောင်းရေ၊ ရေးထိုးသည့်ဘာသာစကား၊ စာခေါင်းချီအပိုဒ်နှင့်ကျောက်စာအကြောင်း အကျဉ်းချုပ်ကို ဖော်ပြထားသည်။

မြန်မာ့ ရှေးဟောင်းကျောက်စာအများစုသည် ပုဂံခေတ်တွင် ရေးထိုးခဲ့သည့် ကျောက်စာများဖြစ်သည်။ ပုဂံခေတ်ထိုး မြန်မာကျောက်စာများအနက် အစောဆုံးကျောက်စာသည် သက္ကရာဇ် ၄၇၄ ခုနှစ်တွင်ရေးထိုးသည့် ရာဇကုမာရ်ကျောက်စာဖြစ်သည်။ ထိုအချိန်မှသက္ကရာဇ် ၇၃၀ ပြည့်နှစ်အတွင်း ရေးထိုးခဲ့သည့် ကျောက်စာချပ်ရေ ၇၀၀ ကို ထိုစာစုစာရင်းတွင် ဖော်ပြထားသည်။ ပုဂံပျက်သုဉ်းချိန်ဟု ဆိုနိုင်သည့် သက္ကရာဇ် ၇၃၀ ပြည့်တွင် ပုဂံ၏နောက်ဆုံးဘုရင်စောမွန်နစ် ၁၃၂၅-၁၃၆၈ အနိစ္စရောက်ခဲ့သည်။

ပုဂံကျောက်စာအများစုသည် အကြောင်းအရာအားဖြင့် လှူဒါန်းမှုမှတ်တမ်းများက အများဆုံးဖြစ်သော်လည်း ကျောက်စာများတွင် သမိုင်းဆိုင်ရာ အချက်အလက်များ၊ လူမှုရေး၊ စီးပွားရေး၊ လယ်ယာမြေပြဿနာများ၊ ပြည်ပဆက်ဆံရေး၊ နယ်နိမိတ်အပိုင်းအခြား၊ တရားရေးဆိုင်ရာ အမှုအခင်းများစသဖြင့် ပုဂံခေတ် နိုင်ငံရေးနှင့် လူမှုဘဝပုံရိပ်များ ပါရှိသည်။

ပုဂံကျောက်စာများတွင် ရာဇကုမာရ်ကျောက်စာမှ အစပြုလျက် ကျစွာမင်းအမိန့်ပြန်တမ်း ကျောက်စာများအလယ်၊ ရှင်ဒိသာပြာမုက်ကျောက်စာအဆုံး သမိုင်းတန်ဖိုးမြင့်မားသည့် ကျောက်စာများကို တွေ့ရှိရသည်။ ထို့အတူ ပုဂံခေတ် လူမှုဘဝပုံရိပ်များကိုဖော်ညွှန်းသည့် ကျောက်စာများကိုလည်း တွေ့ရှိနိုင်ရာ သက္ကရာဇ် ၆၂၈ ခု(၁၂၆၆ ခုနှစ်) တွင် ရေးထိုးခဲ့သည့် သိဃ်သူ့သမီးကျောက်စာလည်း အပါအဝင်ဖြစ်သည်။

**သိဃ်သူ့သမီးကျောက်စာ**

ပုဂံခေတ်နှောင်းပိုင်း ဘုရင်တစ်ပါးဖြစ်သည့် နရသီဟပတေ့မင်း (၁၂၅၆-၁၂၈၇) လက်ထက်က ရေးထိုးခဲ့သည့် သိဃ်သူ့သမီးကျောက်စာကို ပုဂံ၊ မင်းနန်သူရွာ အာမနာကျောင်းတိုက်တွင် တွေ့ရှိသဖြင့် အာမနာ ကျောက်စာဟုလည်းခေါ်ဆိုသည်။

အာမနာကျောင်းတိုက်သည် ပုဂံမင်းနန်သူရွာ၏ မြောက်ဘက်တွင် တည်ရှိသည်။ အာမနာအုတ်ကျောင်းတိုက်ကို တံတိုင်းနှစ်ထပ်ကာရံထားကာ အတွင်းတံတိုင်း၏ အရှေ့မြောက်ဘက်ထောင့်၌ သိဃ်သူ့သမီးကျောက်စာကို စိုက်ထူထားသည်။

အမတ်ကြီးသိဃ်သူ၏သမီးသည် ကျောင်းဆောက်လုပ်လှူဒါန်းပြီး ထိုကျောင်းတွင် နေထိုင်မည့် ရဟန်း သံဃာများအား လယ်၊ ဥယျာဉ်နှင့်ကျွန်များကို လှူ၍ ကျောက်စာရေးထိုးစိုက်ထူခဲ့သည်။

ကျောက်စာတွင် ရေးထိုးသည့် အကြောင်းအရာတွင် မထိလိုမြေး၊ မင်းမယား(အမည်ဖော်ပြမထား) သိဃ်သူ့သမီးဟုသာ ဖော်ပြထားရာ အလှူရှင်၏ အမည်မပါရှိသဖြင့် သိဃ်သူ့သမီးကျောက်စာဟု အမည်ပေးခဲ့သည်။ ကျောက်စာရေးထိုးသည့်ရက်



ပုဂံ မင်းနန်သူရွာရှိ သိဃ်သူ့သမီးကျောက်စာကို တွေ့ရစဉ်။

သည် သက္ကရာဇ် ၆၂၈ ခုနှစ်၊ ပိသျက်နှစ်၊ နံကာလဆန်း ၇ ရက်၊ ကြာသပတေးနေ့ဖြစ်သည်။ ပိသျက်နှစ်သည် ပုဂံခေတ် မြန်မာလအမည်စနစ်အရ သက္ကရာဇ်မှ ၂ နုတ်ပြီး ၁၂ ဖြင့်စားလျှင် အကြွင်းကိန်း ၂ ရသည့် နှစ်အမည်ဖြစ်သည်။ နံကာလသည် ပုဂံခေတ်သုံး အမည် ဝါခေါင်လဖြစ်သည်။

ကျောက်စာရေးထိုးသည့် မြန်မာသက္ကရာဇ်ကို ခရစ်နှစ်ဖလှယ်ပါက ၁၂၆၆ ခုနှစ် ဇူလိုင် ၁၉ ရက်ဖြစ်သဖြင့် လွန်ခဲ့သည့် နှစ် ၇၆၀ က ရေးထိုးခဲ့သည့် ကျောက်စာဖြစ်ပေသည်။

**သိဃ်သူ့သမီး**

ကျောက်စာအရ အာမနာကျောင်းကို နရသီဟပတေ့၏ မိဖုရားတစ်ပါးက တည်ဆောက်လှူဒါန်းပြီး အလှူရှင်သည် မိမိအမည်ကိုမဖော်ပြဘဲ မင်းမယားဟုသာ ရေးထိုးခဲ့သည်။ သိဃ်သူ့သမီးသည် ကျစွာမင်းကြီး၏ သားတော် သိဃ်သူနှင့် မိဖုရားမိတို့၏ သမီးတော်ဖြစ်သောကြောင့် ကျစွာမင်းကြီး၏ မြေးတော်ဖြစ်သည်။

သိဃ်သူသည် ကျစွာမင်းကြီးနှင့် မိဖုရားကြီးစောမင်းလှ၏ သားတော်ဖြစ်၍ မိဖုရားမိနှင့် လက်ဆက်ကာ သမီးတော်တစ်ပါးကို ဖွားမြင်ခဲ့သည်။ ထိုသမီးတော်သည် အာမနာကျောင်းအလှူရှင်ဖြစ်၍ မိမိကိုယ်မိမိ မင်းမယားဟု ဖော်ပြခဲ့ခြင်းသည် နရသီဟပတေ့၏ မိဖုရားဟုဆိုလိုသည်။ နရသီဟပတေ့မင်းနှင့် မိဖုရားသိဃ်သူ့သမီးတို့က ရွှေနန်းရှင်မင်း (ကျော်စွာ)ကို ဖွားမြင်ခဲ့သည်။

ပုဂံဘုရင်ကျော်စွာကို နရသီဟပတေ့မင်းနှင့် မိဖုရားရှင်ဘားတို့က ၁၂၆၀ ပြည့်နှစ် ဩဂုတ် ၂ ရက်တွင် ဖွားမြင်ခဲ့ကြောင်းမှတ်တမ်းအရ သိဃ်သူ့သမီးသည် ရှင်ဘားဟု ယူဆရမည်ဖြစ်သည်။ ထို့အတူ ဦးကုလားရာဇဝင်ချုပ်တွင် နရသီဟပတေ့မင်းသည် ဆိတ်ထိန်းကမ်းဖြူ သူကြွယ်သမီး ဖွားစော၊ ဖွားစော၏အစ်မတော်သမီး စောနန်း၊ ဟူးရားဖြူသမီးစောလုံ၊ မိဖုရားငယ် ရှင်သား၊ ရှင်မောက်၊ ခင်ရွှေတို့ကို မိဖုရားမြှောက်ကြောင်းနှင့် မိဖုရားငယ် ရှင်သားက ဒလစားကျော်စွာကိုဖွားမြင်ကြောင်း ဖော်ပြထားသည်။ ဦးကုလား ရာဇဝင်ချုပ် စာအုပ်၊ ပုဂံမင်းဆက်အခန်းအပိုဒ်(၅၃)အောက်ခြေမှတ်စုတွင် ရှင်သားသည် ဦးကုလား၏ မဟာရာဇဝင်ကြီးအရ ရှင်ပါးဖြစ်ကြောင်း ဖော်ပြထားရာ ရှင်သား သို့မဟုတ် ရှင်ပါး သို့မဟုတ် ရှင်ဘားသည် သိဃ်သူ့သမီးပင်ဖြစ်ကြောင်း ဆက်စပ်ကြည့်နိုင်ပေသည်။

မြန်မာရာဇဝင်ကျမ်းများတွင် နရသီဟပတေ့၏ မိဖုရားကို ရှင်သားဟုလည်းကောင်း၊ ရှင်ပါးဟုလည်းကောင်း အမည်နှစ်မျိုး ဖော်ပြကြခြင်းသည် ပေမူမှကူးယူ ပုံနှိပ်ရာတွင် စာသားမထင်ရှားခြင်း၊ အမှတ်မှားခြင်းတို့ဖြစ်နိုင်ကြောင်းလည်း ယူဆရဖွယ်ရှိသည်။

မင်းတုန်းမင်း၏ အမှုတော်ထမ်း နေမျိုးနန္ဒကျော်ထင်ပြုစုသည့် "မှန်ရှည်တပ်ဆွေတော်စည်စာတမ်း" တွင် နရသီဟပတေ့၏ မိဖုရားကို မိဖုရားရှင်ဘားဟု ဖော်ပြသည်။ ထိုစာအုပ်သည် မျဉ်းနီ ၁၀ ကြောင်းရေးပေမူမှ ကူးယူရိုက်နှိပ်သည့် စာအုပ်ဖြစ်သည်။ မထိလို၏မြေး ဟူသည့် အချက်ကိုမူ တိကျစွာ မဖော်ထုတ်နိုင်သေးသော်လည်း မယ်တော် မိဖုရားမိဘက်မှဟု ယူဆကြသည်။

**ကျောက်စာပါ အကြောင်းအရာ**

သိဃ်သူ့သမီးကျောက်စာကို နမောဗုဒ္ဓဿဖြင့် အစချီပြီး စာကြောင်း ၄၉ ကြောင်းရေးထိုးထားသည်။ သက္ကရာဇ် ၆၂၈ ခု၊ ပိသျက်နှစ်၊ နံကာလဆန်း ၇ ရက်၊ ကြာသပတေးနေ့၊ မထိလိုမြေး၊ မင်းမယား၊ သိဃ်သူ့သမီး၊ ဖြစ်သောဆင်းရဲ၊ အိုမင်းသောဆင်းရဲ၊ သေသောဆင်းရဲ၊ မချစ်သောသူနှင့်တကွ နေသောဆင်းရဲ၊ ချစ်သောသူနှင့် ကွေကွင်းသောဆင်းရဲ၊ လို၍ မရသောဆင်းရဲ၊ ဤသို့က စသော အတိုင်းမသိသောဆင်းရဲတို့သည် နှိပ်စက်သောခန္ဓာကို စွန့်ထားခဲ့၍ ဆင်းရဲခပ်သိမ်းကင်းသော၊ ချမ်းသာစွာသော၊ မြတ်သောနိဗ္ဗာန်ကိုလျှင် ငါလိုသတည်းဟူ၍ ချစ်စွာသော၊ မြတ်သော၊ ရွှေငွေက စသောဥစ္စာတို့ကို စွန့်၍ပြုသော ကျောင်းတွင်နေသော သီလ၊ သမာဓိ၊ ပညာဟူသော ကျေးဇူးသုံးပါးကိုရှာသော သတင်းစင်သော ဘုရားတပည့်သား ရဟန်းသဃ်ာ ချမ်းသာစိမ့်သောငှာ လယ်၊ ဥယျာဉ်၊ ကျွန်ခပင်း အကြွင်းမဲ့လျှင်လှူ၏။ ဤငါတို့ပြုသောကောင်းမှုအကျိုး အတို့ခပ်သိမ်းသော အစိုးရသော ရေ မြေသခင်ဖြစ်သော မင်းကြီးလည်း ရစေ၏။ ဤကောင်းမှုအာနုဘော်ဖြင့် တိုင်းပြည်ကားခပ်သိမ်းသော အစီးအပွားချမ်းသာကို ရှာပေးလျက် သက်တော်ရှည်စွာနေ၍ ဤကောင်းမှုကို ထောက်ပင့်စေသတည်း။ မိဖုရားစသော မောင်းမတော်ခပ်သိမ်းလည်းရစေ၏။ အချင်းချင်း အမျက်အအီတစ်စေ့မရှိ၊ ချစ်သောမျက်စိဖြင့် ရှုကြရစေ၏။ ယခုရှိသော နှောင်ဖြစ်လတ်အံ့သော မင်းကြီးမင်းသား အမတ်စသော သူခပ်သိမ်းလည်း ရစေသတည်း။ အရေးအရာ ယူပါစေသတည်း။ ယမမင်းစသော သတ္တဝါခပ်သိမ်းလည်း ရစေသတည်း။ အရအမိကို လိုသောသူကား အရအမိရစေ၏။ ကောင်းမှုကို လိုသောသူကား ကောင်းမှုကိုရစေ၏။ ငါလည်းရမ္မက်ကြီးသော၊ မရောင့်ရဲတတ်သော၊ အမျက်ကြီးသော၊ သူတစ်ထူးကို ညှဉ်းဆဲတတ်သော၊ ပညာမရှိသော၊ မိုက်သော၊ ဝန်တိုသော၊ အပေးအကမ်းမရှိသော၊ သစ္စာမရှိသော၊ ပျက်တတ်သော၊ မေ့လျော့သော၊ အောက်မေ့တသကင်းသော၊ မဖြစ်မူ၍ရမ္မက်နည်းသော၊ ရောင့်ရဲလွယ်သော၊ အမျက်နည်းသော၊ သနားတတ်သော၊ ပညာရှိသော၊ အကြောင်းကိုသိတတ်သော၊ ဝန်မတိုသော၊ အပေးအကမ်းရှိသော၊ သစ္စာရှိသော၊ မပျက်တတ်သော၊မမေ့လျော့သော၊အောက်မေ့တသရှိသော ဤသို့သော ကျေးဇူးတို့နှင့် ပြည့်စုံလျက် သံသရာနှိုက်ကျင်လည်၍ မေတ္တယျဘုရားမျက်မှောက် ကကော်လျှင် မြတ်သောအကျွတ်တရားရလိုသတည်းဟု စာကြောင်း ၁၅ ကြောင်းရေးထိုးပြီး အလှူစာရင်းကို စာကြောင်းရေ ၄၉ ထိ ဆက်လက်ဖော်ပြထားသည်။

သိဃ်သူ့သမီးလှူသည့် လယ်မြေများသည် ၈၀၆၉ ပယ်ဖြစ်၍ စကု၊စလင်း၊မြင်စိုင်း၊ တောင်ပြုန်း အစရှိသည့် အရပ်ဒေသ ၃၄ ခုတွင်ရှိကြောင်း ဖော်ပြထားသည်။ ထို့အတူ ဥယျာဉ် ၂၂ ခုနှင့် ကျွန်အုပ်စု ၁၇ စုကို လှူဒါန်းခဲ့သည်။

**ကျောက်စာ အဓိပ္ပာယ်ဖွင့်ဆိုချက်**

ကျောက်စာအရ အာမနာကျောင်းအလှူရှင် သိဃ်သူ့သမီးသည် စိတ်သဘောထားကြီးမြတ်ပြီး မိမိဂုဏ်ကို နှိမ့်ချသူတစ်ဦးဖြစ်ကြောင်း ပေါ်လွင်သည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးပီသစွာ မိမိကောင်းမှုကုသိုလ်ကို ရေမြေသခင်ဘုရင် ရရှိစေကြောင်း တောင်းဆုပြုခဲ့သည်။ ထို့အတူ ကောင်းမှုအာနုဘော်ကြောင့် ခပ်သိမ်းသော လူအပေါင်း၏ ချမ်းသာစီးပွားနှင့် ဘုရင်မင်းမြတ် သက်တော်ရှည်စေလိုမှုအတွက် ဆုတောင်းခဲ့သည်။

သိဃ်သူ့သမီးသည် လူဖြစ်ရသည့် ဆင်းရဲဒုက္ခ၊ အိုမင်းရသည့် ဆင်းရဲဒုက္ခ၊ သေရသည့် ဆင်းရဲဒုက္ခ၊ မချစ် နှစ်သက်သူတို့နှင့်အတူနေရသည့် ဆင်းရဲဒုက္ခ၊ ချစ်ခင်နှစ်သက်သူတို့နှင့် ကွေကွင်းရသည့် ဆင်းရဲဒုက္ခစသည့် အတိုင်းမသိသော ဆင်းရဲဒုက္ခအပေါင်းကို သံဝေဂယူကာ ဆင်းရဲခပ်သိမ်းကင်းသော နိဗ္ဗာန်ကို အလိုရှိပြီး များစွာသောအလှူကို ပြုလုပ်ကြောင်း မှတ်တမ်းတင်ခဲ့သည်။

ကျောက်စာတွင် အလှပဆုံးရေးထိုးထားသည့် နေရာသည် မိဖုရားစသော မောင်းမတော်ခပ်သိမ်းလည်း ရစေ၏။ အချင်းချင်းအမျက်အအီတစ်စေ့မရှိ၊ ချစ်သောမျက်စိဖြင့် ရှုကြရစေ၏ဟူသည့် စာသားများဖြစ်ကာ မေတ္တာထုံမွမ်းသည့် စေတနာများက ကျောက်စာတွင် ပေါ်လွင်နေသည်။ အမျက်အအီသည် အမျက်ဒေါသကို ဆိုလိုခြင်းဖြစ်သည်။

စာမျက်နှာ ၅ သို့ á

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၉၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပန်းဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**မြောင် စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၉၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၉၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ပန်းဂေါ်ဖီ၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးသွားပါမယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

သိဃ်သူ့သမီးကျောက်စာသည် အလှူဒါနပြုခြင်းအတွက် ကောင်းမြတ်သောဆုကိုသာတောင့်တပြီး အချို့သောပုဂံကျောက်စာများကဲ့သို့ ကျိန်စာများ မပါရှိချေ။

သို့သော် သက္ကရာဇ် ၆၃၀ ပြည့်နှစ်တွင် သိဃ်သူနှင့် ဆွေမျိုးများ ရေးထိုးသည့် အာမနာကျောင်းတိုက် အလှူမှတ်တမ်းကျောက်စာတွင် ကျိန်စာများပါရှိခဲ့သည်။ ထိုကျောက်စာတွင် "ဤငါလှူသော ကောင်းမှုကို ချီးပင့်ပါသောသူကား ငါနှင့်အတူရပါစေ၏။ ဖျက်ဆီးသသူကား အဝီစိစသော ငရဲကြီးရှစ်ထပ်၊ ငရဲ ၁၀၀ အမြတ်လျှင် ခံစေသတည်း။ ညောင်ဦးစသော သီရိပစ္စရာတိုင်အောင် သဲပုံအတိုင်းလျှင် ခံစေသတည်း" ဟု ကျိန်စာဆိုခဲ့သည်။

ထိုကျိန်စာနှင့် စပ်လျဉ်း၍ ဆရာစောလူက "သိဃ်သူ့သမီးကျိန်ဆိုခဲ့သော ကျိန်စာကားမဟုတ်။ သိဃ်သူ့သမီးနောက်တွင် ကောင်းမှုပြုသော ပစ္စပတေ့၏အမိနှင့် နမက ဖြည့်စွက်ခဲ့သော ကျိန်စာသာဖြစ်သည်" ဟု ပုဂံခေတ်မြန်မာစာအုပ်တွင် သုံးသပ်ထားသည်။

ထိုကျောက်စာတွင်ပါရှိသည့် လက်လုပ်နှောလှူသောလယ် ဟူသည့် အသုံးအနှုန်းကို သမိုင်းပါမောက္ခ ဆရာဦးနီတွတ်က လက်လုပ်နှောသည် လယ်မြေနေရာပြောင်းလဲလှူဒါန်းခြင်းဖြစ်၍ ထပ်မံလှူဒါန်းခြင်းမဟုတ်ဟု မှန်းဆမိကြောင်း ရှင်းလင်းရေးသားခဲ့သည်။

သိဃ်သူ့သမီးကျောက်စာ၌ မေတ္တေယျဘုရား မျက်မှောက်ကာလတွင် အကျွတ်တရားရလိုကြောင်း ဆုတောင်းထားရာ ပညာရှိသော၊ အကြောင်းကို သိတတ်သောဟူသည့်အချက်သည် ပညာ၏အဓိပ္ပာယ်ကို အပြည့်စုံဆုံး ဖွင့်ဆိုချက်ဖြစ်သည်။ ဆရာအောင်သင်းအပါအဝင် စာရေးဆရာများက အကြောင်းတရားကိုသိခြင်းသည်ပင် ပညာဖြစ်ကြောင်း သိဃ်သူ့သမီးကျောက်စာကို ကိုးကားပြီး ဟောပြောခဲ့ကြသည်။ ပုဂံတော်ဝင်မျိုးနွယ် မိဖုရားတစ်ပါး၏ လှပသောဆုတောင်းများ ပါရှိသည့် အလှူမှတ်တမ်းသည် မြန်မာစာပေနယ်ပယ်တွင် အလွန်ထင်ရှားခဲ့သည်။

ထို့ကြောင့် မျက်မှောက်ခေတ် ကျောင်းသားကျောင်းသူများ သိရှိနားလည်တန်ဖိုးထားနိုင်ကြစေရန် သိဃ်သူ့သမီးကျောက်စာကို အခြေခံပညာအထက်တန်း ကောဒသမတန်း၊ မြန်မာစာဘာသာရပ်သင်ရိုးတွင် ပြဋ္ဌာန်းပြီး ကျောက်စာ ၁၅ ကြောင်းကို သင်ကြားပို့ချပေးလျက်ရှိပေသည်။

**ကိုးကား**

- **ရှေးမြန်မာကျောက်စာလေ့လာချက် အတွဲ(၁)(နီတွတ်)**
- **မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု သုတေသန(ဦးမြင့်အောင်)**
- **ရာဇဝင်ချုပ်(ဦးကုလား)**
- **ပုဂံမင်းဆက်ရာဇဝင်သစ်(တင်နိုင်တိုး)**

## သို့... မိုး

\- မိုးကြီးမရွာ ကာလကြာ၍
မြလွှာငုံဝတ် ထုံမဆွတ်ဘဲ
ပျပ်ဝပ်ခွေဆင်း အလှကင်းသည်
မိုးမင်း မရွာ၍တကား။

\- မိုးကြီးသည်းစွာ ရွာကြီးရွာသော်
မာလာငုံကင်း မြေသို့ဆင်းလျက်
ပျက်ယွင်းကြွေညှိုး အဖြစ်ဆိုးသည်
မိုးကြီး ထန်လွန်း၍တကား။

\- အို...မိုးရယ်
အငြိုးတကြီး မိုးထန်သည်းလည်း
ခရီးမရောက် မပြီးမြောက်ပါ
တစ်ပေါက်တစ်စက် မဖျန်းပက်ဘဲ
နွမ်းအက်သွေ့မျှ နေစိမ့်ကလည်း
လောကဌာနီ မစိုပြည်ပါ
ဤမြေဤယာ ဤမျှသာဟု
ဤရွာဌာန ဤသို့မျှဟု
ကာလဒေသ ပယောဂနှင့်
မျှတသင့်တင့် မိုးစက်ပွင့်ကို
သခင့်ရင်နှစ် ပုလဲစစ်နှယ်
ချစ်သဒ္ဒါမိုး မေတ္တာနှိုး၍
သွန်းဖြိုးရွာစွေပါလေဦး။ ။

မြင်းမူမောင်နိုင်မိုး

# ရေနံချောင်းမြို့နယ် ဘဲဆိပ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ရေနံချောင်း စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘဲဆိပ်ကျေးရွာအုပ်စု ဘဲဆိပ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက တက်ရောက်လာသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ဘဲဆိပ်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်ထံမှ သိရသည်။

**နော်လူး**

# ကမ္ဘာ့ကုန်သွယ်ရေးစနစ် ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် WTO တိုက်တွန်း

**ဂျီနီဗာ စက်တင်ဘာ ၁၅**

လက်ရှိ ကမ္ဘာ့စီးပွားရေးနှင့် ပထဝီနိုင်ငံရေး တင်းမာမှုများကြောင့် ကမ္ဘာ့ကုန်သွယ်ရေးစနစ် တစ်ခုလုံးသည် သမိုင်းတစ်လျှောက် အရေးအကြီးဆုံးနှင့် အကျပ်တည်းဆုံး ကာလသို့ ရောက်ရှိလာသောကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) က ကုန်သွယ်ရေးစနစ် ဖွဲ့စည်းပုံဆိုင်ရာပြုပြင် ပြောင်းလဲမှုများကို အမြန်ဆုံး အကောင်အထည်ဖော်ကြရန် တိုက်တွန်းခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နိုင်ငံတကာကုန်သွယ်ရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးရာတွင် အဖွဲ့ဝင်နိုင်ငံများကြား သဘောထားကွဲလွဲမှုများရှိနေခြင်းက ကုန်သွယ်ရေးအငြင်းပွားမှုများအပေါ် ဖြေရှင်းပေးနိုင်သည့် စွမ်းဆောင်ရည်ကိုကျဆင်းစေခဲ့ပြီး ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအတားအဆီးတစ်ခု ဖြစ်လာနေကြောင်း အစီရင်ခံစာများတွင် ဖော်ပြထားသည်။

ထို့ကြောင့် နိုင်ငံကြီးများအနေဖြင့် တစ်ဖက်သတ်ဆန်သော ကုန်သွယ်ရေးမူဝါဒများကို လျှော့ချကာ မျှတသော ယှဉ်ပြိုင်မှု ဘောင်အတွင်းမှ ပြန်လည် ညှိနှိုင်းကြရန်နှင့် ချက်ချင်းလက်ငင်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် WTO က အလေးအနက် တိုက်တွန်းတောင်းဆိုခဲ့ကြောင်းသိရသည်။

Ref : Xinhua

Trs : YZA




# အရှေ့အလယ်ပိုင်း ဒေသတွင်းပဋိပက္ခများဖြေရှင်းရန် သံတမန်ရေးရာဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်မည်




**နယူးယောက် စက်တင်ဘာ ၁၅**

အရှေ့အလယ်ပိုင်း ဒေသတွင်း၌ ဖြစ်ပွားနေသော ပထဝီနိုင်ငံရေး တင်းမာမှုများနှင့် အကျပ်အတည်းများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် သက်ဆိုင်ရာ နိုင်ငံတကာသံတမန်ရေးရာ ကိုယ်စားလှယ်များကြား အထူးဆွေးနွေးပွဲများကို အရှိန်အဟုန်မြင့် လုပ်ဆောင်လျက်ရှိကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကမ္ဘာ့နိုင်ငံရေး စင်မြင့်ထက်တွင် အဓိကအရေးပါသည့် နိုင်ငံများအနေဖြင့် ဒေသတွင်းပဋိပက္ခများ ဆက်လက် မပြန့်ပွားစေရန်နှင့် အရပ်သားပြည်သူများ ထိခိုက်နစ်နာမှုကို လျှော့ချနိုင်ရေးအတွက် ကုလသမဂ္ဂနှင့် ဒေသတွင်းမဟာမိတ်အဖွဲ့အစည်းများ၏ ကြားဝင်ညှိနှိုင်းမှုများကို အပြည့်အဝပံ့ပိုးသွားမည်ဖြစ်ကြောင်း တရားဝင် ထုတ်ပြန်ကြေညာခဲ့ကြသည်။

အဆိုပါ ဆွေးနွေးညှိနှိုင်းမှုများတွင် စစ်ရေးအရ အပြိုင်အဆိုင်ဖြစ်လာနိုင်ခြေများကို ရှောင်ရှားရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အတားအဆီးမရှိ ပို့ဆောင်ပေးနိုင်ရေးအတွက် အဓိကထားဆွေးနွေးလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : YZA

# ယူကရိန်း၏စစ်ရေးအခြေခံအဆောက်အအုံများကို ရုရှားတပ်ဖွဲ့များက မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့်တိုက်ခိုက်

**မော်စကို စက်တင်ဘာ ၁၅**

ရုရှားတပ်ဖွဲ့များသည် ယူကရိန်းနိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေးနှင့် စစ်ရေးအခြေခံ အဆောက်အအုံများကို မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် ပြင်းထန်စွာ ထိုးစစ်ဆင်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက ယနေ့တွင် တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အိုဒက်ဆာဒေသ ဗီလီကာယာဘာလ်ကာရှိ ပြည်ပထောက်ပံ့စစ်လက်နက်ပစ္စည်းများ သိမ်းဆည်းဖြန့်ဝေရာဌာန၊ ချော်နိုမော့ခ်ဆိပ်ကမ်းအတွင်းရှိ ကုန်တင်သင်္ဘောတစ်စီးနှင့် ကူးတို့သင်္ဘောအပြင် ယူကရိန်းအနောက်ပိုင်းရှိစစ်ဘက်ဆိုင်ရာ ထောက်ပံ့ရေး မီးရထားလမ်းများကို အဓိကပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ထိုကဲ့သို့ ရုရှား၏လေကြောင်းမှ ပြင်းထန်စွာထိုးစစ်ဆင်မှုများနှင့်အတူ ရုရှားနိုင်ငံ၏ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့များသည်လည်း ဒေသအသီးသီးမှ ယူကရိန်း၏ မောင်းသူမဲ့ဒရုန်းယာဉ် ၂၂ စင်းကို ကြားဖြတ်ဟန့်တား ပစ်ချနိုင်ခဲ့ကြောင်း ဆက်လက်ဖော်ပြခဲ့သည်။

ရုရှားနှင့် ယူကရိန်းနှစ်ဖက်ကြား စစ်ရေးအရအဓိကကျသော ထောက်ပံ့ရေး လမ်းကြောင်းများ၊ အုပ်ချုပ်ထောက်ပံ့မှု ကွန်ရက်များကို အပြန်အလှန်ပစ်မှတ်ထား တိုက်ခိုက်မှုများမှာ ဆက်လက်ပြင်းထန်နေဆဲဖြစ်ပြီး မြေပြင်အခြေအနေများကို ပိုမိုတင်းမာလာစေခဲ့သည်။

စစ်ဘက်ဆိုင်ရာ ထောက်ပံ့ရေး ပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးကွန်ရက်များ ထိခိုက်ပျက်စီးမှုသည် ယူကရိန်းတပ်ဖွဲ့များ၏ ရှေ့တန်းစစ်ဆင်ရေး ထောက်ပံ့မှုစွမ်းရည်အပေါ် များစွာ သက်ရောက်မှု ရှိလာနိုင်မည်ဟု နိုင်ငံတကာစစ်ရေး လေ့လာသူများက သုံးသပ်ခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : YZA

# အမေရိကန်၏ နိုင်ငံရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများနှင့် ကြားနာမှုများပြုလုပ်

**ဝါရှင်တန် စက်တင်ဘာ ၁၅**

အမေရိကန်နိုင်ငံ၏ တရားရေးစနစ်နှင့် နိုင်ငံရေးအခင်းအကျင်းတွင် ထင်ရှားသည့် ပုဂ္ဂိုလ်များနှင့် ဆက်စပ်နေသော တရားစွဲဆိုမှုများကိုပြန်လည်စတင်ရန်နှင့် ဆက်လက်စစ်ဆေးရန်အတွက် တရားရေးဌာန (DOJ)၏ ကြိုးပမ်းမှုများနှင့်ပတ်သက်၍ ဖက်ဒရယ်အယူခံတရားရုံးတွင်ကြားနာမှုများ ပြုလုပ်မည်ဖြစ်ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယခုကဲ့သို့အမေရိကန်၏အဓိက တရားရေးဆိုင်ရာ အငြင်းပွားမှုများနှင့် နိုင်ငံရေးသမားများ ပါဝင်သော အမှုအခင်းများသည် နိုင်ငံတွင်းရှိ နိုင်ငံရေး ပါတီများကြား သဘောထားကွဲလွဲမှုများကို ပိုမိုကြီးမားလာစေပြီး တရားရေးဌာန၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ထင်ရှားသည့်နိုင်ငံရေးခေါင်းဆောင်ဟောင်းများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများဘက်ကလည်း ၎င်းတို့၏ ခုခံချေပမှုများကို တရားရုံးတော်ရှေ့မှောက်တွင် တင်ပြရန် အသင့်ရှိနေကြကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ အဓိကတရားစီရင်ရေးမဏ္ဍိုင်အတွင်း ဖြစ်ပေါ်နေသည့် ယခုကဲ့သို့ အမှုအခင်းများနှင့် စုံစမ်းစစ်ဆေးမှုများသည် လာမည့်ရွေးကောက်ပွဲများနှင့် မူဝါဒချမှတ်မှုများအပေါ် ကြီးမားသော သက်ရောက်မှုများကိုဖြစ်ပေါ်စေနိုင်ကြောင်း နိုင်ငံရေးလေ့လာသုံးသပ်သူများက ထောက်ပြထားသည်။

ဖက်ဒရယ် အယူခံတရားရုံး၏ အဆုံးအဖြတ်နှင့် ဆုံးဖြတ်ချက်များသည် လာမည့် တရားရေးဆိုင်ရာ စံနှုန်းများနှင့်နိုင်ငံရေး အကျပ်အတည်းများကို ဖြေရှင်းရာတွင် အလွန်အရေးပါသော မှတ်တိုင်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : YZA

# အီရန်စစ်ရေးပဋိပက္ခကြောင့် လက်နက်ခဲယမ်းများပြတ်လပ်မှုနှင့် စစ်စခန်းများ ပျက်စီးမှုရှိလာကြောင်း အမေရိကန်စောင့်ကြည့်ရေးအဖွဲ့ ထုတ်ပြန်



**ဝါရှင်တန် စက်တင်ဘာ ၁၅**

အီရန်နိုင်ငံနှင့် ဖြစ်ပွားခဲ့သော စစ်ရေးပဋိပက္ခ၏ နောက်ဆက်တွဲသက်ရောက်မှုများကို ပထမဆုံးအကြိမ်အဖြစ် အမေရိကန်အစိုးရစောင့်ကြည့်ရေးအဖွဲ့က စက်တင်ဘာ ၁၄ ရက်တွင် အစီရင်ခံစာထုတ်ပြန်ခဲ့ရာ အဆင့်မြင့်လက်နက်ခဲယမ်းများ ပြတ်လပ်မှုနှင့် အရှေ့အလယ်ပိုင်းရှိ စစ်စခန်းများ ထိခိုက်ပျက်စီးမှုများကို အမေရိကန် သတင်းဌာနများက အသေးစိတ် ဖော်ပြခဲ့ကြသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်နိုင်ငံနှင့် ဖြစ်ပွားသည့် စစ်ရေးပဋိပက္ခကြောင့် မဟာဗျူဟာမြောက် လက်နက်ခဲယမ်းပစ္စည်းများ လက်ကျန်မလုံလောက်တော့ဘဲ မဟာမိတ်တပ်ဖွဲ့များအတွက် အဆင့်မြင့်လက်နက်ပစ္စည်းများ ပြန်လည်ဖြည့်တင်းရာတွင် စက်ရုံများ၏ ထုတ်လုပ်နိုင်စွမ်းမှာလည်း အကန့်အသတ်ဖြင့်သာဆောင်ရွက်နိုင်ကြောင်း ၎င်းအစီရင်ခံစာတွင် သတိပေးဖော်ပြထားသည်။

ထို့ပြင် ကူဝိတ်၊ ဘာရိန်း၊ ကာတာ၊ ယူအေအီး၊ ဆော်ဒီအာရေဗျ၊ အီရတ်၊ အိုမန်၊ ဂျော်ဒန်နိုင်ငံတို့ရှိ အမေရိကန်စစ်စခန်းများတွင် အီရန်၏ ဒုံးကျည်နှင့် တိုက်ခိုက်မှုများကြောင့် အဆောက်အအုံများ ရာနှင့်ချီပျက်စီးခဲ့ပြီး အမေရိကန် စစ်လေယာဉ်နှင့် မောင်းသူမဲ့ ဒရုန်းယာဉ်များ ဒါဇင်နှင့်ချီ၍ ထိခိုက်ပျက်စီးခဲ့ကြောင်းသိရသည်။

Ref : Xinhua

Trs : YZA

# ကမ္ဘာဂြိုဟ်နှင့် အလွန်ဝေးလံသော ကြယ်စုတစ်ခုအတွင်း ထူးခြားသောကြယ်ပေါက်ကွဲမှုတစ်ခုကို ဓာတ်ပုံရိုက်ကူးနိုင်ရေး ကြိုးပမ်းနေ



**ဝါရှင်တန် စက်တင်ဘာ ၁၅**

ကမ္ဘာဂြိုဟ်နှင့် အလွန်ဝေးလံသော ကြယ်စုတစ်ခုအတွင်း ထူးခြားသော ကြယ်ပေါက်ကွဲမှုတစ်ခု ရှာဖွေတွေ့ရှိခဲ့ပြီး ၎င်း ကြယ်ပေါက်ကွဲမှု၏ အလင်းအား မမှေးမှိန်မီ ဓာတ်ပုံရိုက်ကူးနိုင်ရေးအတွက် နက္ခတ္တရူပသိပ္ပံပညာရှင်များက ကြိုးပမ်းနေကြောင်း စက်တင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

SN 2026 aaiv အမည်ရှိ အဆိုပါ ကြယ်ပေါက်ကွဲမှုကို စက်တင်ဘာ ၁ ရက်တွင် ATLAS ရေဒီယိုတယ်လီစကုပ်ဖြင့် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SN 2026 aaiv ကြယ်ပေါက်ကွဲမှုကို ကမ္ဘာမြေနှင့်အလင်းနှစ် ၄၅ သန်း အကွာတွင် တည်ရှိသည့် NGC 7331 အမည်ရှိ ကြယ်စုတစ်ခုအတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ကြယ်ပေါက်ကွဲမှု၏ အလင်းရောင် မှေးမှိန်မသွားမီ ဓာတ်ပုံရိုက်ကူးရေးအတွက် အမေရိကန်နက္ခတ္တရူပသိပ္ပံပညာရှင်များက ကြိုးစားနေကြောင်း သိရသည်။

SN 2026 aaiv ကြယ်ပေါက်ကွဲမှု၏အလင်းအားမှာ စက်တင်ဘာ ၁၁ ရက်တွင် ၁၅ ဒသမ ၇ မဂ္ဂနီကျူထိရှိရာ အထိုက်အလျောက်မှေးမှိန်နေသော်လည်း အလင်းအားရှိနေဆဲဖြစ်သည်ဟု အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏အဆိုအရ SN 2026 aaiv ကြယ်ပေါက်ကွဲမှုသည် Type 1a အမျိုးအစား စူပါနိုဗာကြယ်ပေါက်ကွဲမှုဖြစ်ပြီး နှစ်စင်းတွဲကြယ်စနစ်တစ်ခုအတွင်းရှိ အဖြူရောင်ကြယ်သိမ်တစ်စင်း ပျက်စီးချိန်တွင် ပေါ်ပေါက်တတ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# သွေးအတွင်း အသည်းအင်ဇိုင်းနှစ်မျိုးပါဝင်မှု နည်းပါက အူမကြီးကင်ဆာဖြစ်နိုင်ခြေမြင့်တက်နိုင်

**နယူးယောက် စက်တင်ဘာ ၁၅**

သွေးအတွင်း အသည်းအင်ဇိုင်းနှစ်မျိုးပါဝင်မှု နည်းပါးပါက အူမကြီးကင်ဆာရောဂါ ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ သွေးအတွင်း AST ခေါ် အသည်းအင်ဇိုင်းပါဝင်မှုအဆင့် 14 U/L အောက်တွင်ရှိသူများသည် သွေးစစ်ဆေးမှုခံယူပြီး တစ်နှစ်အတွင်း အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ၆၅ ရာခိုင်နှုန်း မြင့်မားနေတတ်ကြောင်း သိရသည်။

အလားတူ သွေးအတွင်း ALT ခေါ် အသည်းအင်ဇိုင်းပါဝင်မှုအဆင့် 14 U/L အောက်တွင်ရှိသူများသည် အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ၆၈ ရာခိုင်နှုန်းမြင့်မားကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

AST နှင့် ALT အသည်းအင်ဇိုင်းနှစ်မျိုး မြင့်မားမှုသည် အသည်းရောင်ရမ်းမှု၊ အသည်းဒဏ်ရာရှိနေမှုကို ပြသနေသောအင်ဇိုင်းများဖြစ်ကြသည်။

သို့ရာတွင် သွေးလည်ပတ်မှုစနစ်အတွင်း AST နှင့် ALTအသည်းအင်ဇိုင်းနှစ်မျိုး ပါဝင်မှုနည်းပါးခြင်းကြောင့် အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အူမကြီးကင်ဆာရောဂါသည် ပြီးခဲ့သည့် ၁၀ နှစ်အတွင်း အသက် ၂၀ နှင့် ၄၉ နှစ်ကြား လူငယ်များတွင်ဖြစ်ပွားမှုနှုန်း မြင့်တက်လာသည့် ကင်ဆာရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# သမားရိုးကျတူးဖော်ရေးနယ်မြေတွင်မဟုတ်ဘဲ မြေအောက်အနက် မီတာရာပေါင်းများစွာတွင် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိ

**ပေကျင်း စက်တင်ဘာ ၁၅**

သမားရိုးကျ တူးဖော်ရေးနယ်မြေတွင်မဟုတ်ဘဲ မြေအောက်အနက်မီတာရာပေါင်းများစွာတွင် ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း စက်တင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံအတွင်းမွန်ဂိုလီးယားဒေသ ကြေးနီသတ္တု ရှာဖွေရေးလုပ်ကွက်၌ မြေစာတူးဖော်နေစဉ် နမူနာမြေစာတောင့်များထဲတွင် တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

အဆိုပါ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းများကို မြေအောက်အနက် ၄၇၃ ဒသမ ၂ မီတာမှ ရရှိသည့် မြေစာတောင့်များထဲတွင် တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ မြေစာများသည် လွန်ခဲ့သော နှစ်သန်း ၁၂၀ ကာလ ခရီတေးစီးယပ်စ် ဘူမိခေတ် ကျောက်သားလွှာများမှ ရရှိသည့် မြေစာများ ဖြစ်ကြကြောင်း သိရသည်။

အထက်ပါ ဒိုင်နိုဆောကျောက်ဖြစ် ရုပ်ကြွင်းသည် အပင်စား ဒိုင်နိုဆောတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဒိုင်နိုဆောသည် Psit-tacosaurs ဒိုင်နိုဆောများနှင့် ပုံစံချင်းတူပြီး ခရီတေးစီးယပ်စ် ဘူမိခေတ်အစောပိုင်းတွင် အရှေ့အာရှဒေသ၌ ကျက်စားခဲ့ကြသော ဒိုင်နိုဆောဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# ဘလူးဘယ်ရီနှင့် စပျစ်သီးတွင်ပါဝင်သော ဓာတုဒြပ်ပေါင်းက ကြွက်သားဆဲလ်များအတွင်း အဆီဓာတ်စုစည်းမှုကို လျှော့ချနိုင်

**တိုကျို စက်တင်ဘာ ၁၅**

ဘလူးဘယ်ရီနှင့် စပျစ်သီးတို့တွင်ပါဝင်သော ဓာတုဒြပ်ပေါင်းတစ်မျိုးသည် ကြွက်သားဆဲလ်များအတွင်း အဆီဓာတ်စုစည်းမှုကို လျှော့ချနိုင်ကြောင်း စက်တင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

ဂျပန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဘလူးဘယ်ရီနှင့် စပျစ်သီးတို့တွင် ပါဝင်သော Pterostilbene ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုးသည် ကြွက်သားအတွင်း စုစည်းနေသည့် အဆီဓာတ်များကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

Pterostilbene ဓာတုဒြပ်ပေါင်းသည် ဘလူးဘယ်ရီ၊ စပျစ်သီးနှင့် အခြားသီးနှံများတွင် တွေ့ရှိရတတ်သော အောက်ဆီဂျင်ဓာတ်ဖျက်ဂုဏ်သတ္တိရှိသည့် ဓာတုဒြပ်ပေါင်းတစ်မျိုးဖြစ်သည်။

ယခင်ပြုလုပ်ခဲ့သော သုတေသန လေ့လာချက်များအရ Pterostilbene ဓာတုဒြပ်ပေါင်းသည် ဇီဝတွင်းဓာတုပြောင်းလဲမှုဖြစ်စဉ်များအတွက် အကျိုးကျေးဇူးရှိကြောင်း သိရသည်။

သို့ရာတွင် ဂျပန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Pterostilbene ဓာတုဒြပ်ပေါင်းသည် ကြွက်သားဆဲလ်များအတွင်း ပုံမှန်မဟုတ်ဘဲ စုစည်းနေသည့် အဆီဓာတ်များကို ချေဖျက်ရာတွင် အထောက်အကူ ပြုနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# နာဆာက အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ ထူးဆန်းသောတွင်းပေါက်များကို ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် စက်တင်ဘာ ၁၅**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် အင်္ဂါဂြိုဟ် မျက်နှာပြင်ပေါ်၌ ထူးဆန်းသော တွင်းပေါက်များကို ရှာဖွေတွေ့ရှိထားကြောင်း စက်တင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ ထူးဆန်းသောတွင်းပေါက်များကို ဗဲလ်ဂရန်ဒီအမည်ရှိ တောင်ကြားဒေသ၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ဗဲလ်ဂရန်ဒီ တောင်ကြားဒေသသည် နာဆာ၏ ကျူရီယိုစီတီအင်္ဂါဂြိုဟ် မျက်နှာပြင် လေ့လာရေးယာဉ် လေ့လာနေသည့် တောင်ကြားဒေသဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်ပေါ်ရှိ အခြားတွင်းပေါက်များနှင့်မတူသာ အချက်မှာ အထက်ပါ တွင်းပေါက်များသည် ဗဲလ်ဂရန်ဒီတောင်ကြားအောက်ခံကျောက်သား လွှာများပေါ်တွင် တည်ရှိပြီး အဝန်းကျယ်သော်လည်း အနက်တိမ်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ် မျက်နှာပြင် လေ့လာရေးယာဉ်သည် အထက်ပါတွင်းပေါက်များကို MAHLI အမည်ရှိ ကင်မရာစနစ်ဖြင့် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာသိပ္ပံပညာရှင်များသည် အထက်ပါ ဓာတ်ပုံများကို အသုံးပြု၍ ဗဲလ်ဂရန်ဒီတောင်ကြားရှိ တွင်းပေါက်များ၏ အရွယ်အစားကို ခန့်မှန်းတွက်ချက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# Guadalajara Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ၁၆ ဦးရှုံးထွက်အဆင့်ကို တောင်းဆန့် တက်ရောက်

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၅**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပနေသည့် Guadalajara Open အမျိုးသမီး တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ၃၂ ဦး ရှုံးထွက်အဆင့်ပွဲစဉ်များကို ယနေ့တွင် ကစားခဲ့ကြရာ အမေရိကန်တင်းနစ်မယ် တောင်းဆန့်က ဂျာမနီတင်းနစ်မယ် မာရီရာကို အနိုင်ရပြီး ၁၆ဦးရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း WTA သတင်းဝက်ဘ်ဆိုက်ဘ်က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ် ပထမပွဲငယ်တွင် မာရီရာက အကောင်းဆုံးဖိအားပေးကစားခဲ့ပြီး (၇-၆)ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

ထို့နောက် ဒုတိယပွဲငယ်တွင် တောင်းဆန့်က ပြန်လည်ဖိအားပေးကစားခဲ့ကာ (၆-၃)ရလဒ်ဖြင့် ပြန်လည်အနိုင် ရခဲ့သကဲ့သို့ တတိယပွဲငယ်တွင်လည်း (၆-၂) ရလဒ်ဖြင့် ထပ်မံအနိုင်ရပြီး ၁၆ ဦး ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အလားတူ ယနေ့ကျင်းပခဲ့သည့် ၃၂ ဦးရှုံးထွက်အဆင့်တွင် အမေရိကန် တင်းနစ်မယ်များဖြစ်ကြသည့် စတီဖန်၊ ဒိုလီဟီဒီ၊ ပိုလန်တင်းနစ်မယ်ဖရက်တို့လည်း နိုင်ပွဲများရရှိခဲ့ကြပြီး ၁၆ ဦး ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြသည်။

Guadalajara Open တင်းနစ်ပြိုင်ပွဲ ၁၆ ဦးရှုံးထွက်အဆင့်အဖြစ် တောင်းဆန့်သည် ယူကရိန်းတင်းနစ်မယ် ကော့ယူခ်နှင့် စက်တင်ဘာ ၁၇ ရက်တွင်ကစားရမည်ဖြစ်ကြောင်းသိရသည်။

**Ref : WTA**

**Trs : STA**

# UFC ပြိုင်ပွဲတွင် မတူညီသည့် ချန်ပီယံဖိုက်တာကိုးဦးကို အနိုင်ရသည့် ဖိုက်တာအဖြစ် ဂျွန်ဂျုန်း ရပ်တည်

**ဝါရှင်တန် စက်တင်ဘာ ၁၅**

UFC ပြိုင်ပွဲတွင် UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံသစ်အဖြစ် ပြင်သစ်ဖိုက်တာ စီရယ်ဂိန်းဖြစ်လာခဲ့ပြီးနောက် အမေရိကန်ဖိုက်တာ ဂျွန်ဂျုန်းက မတူညီသည့် ချန်ပီယံဖိုက်တာကိုးဦးကို အနိုင်ရသည့် ပထမဆုံးဖိုက်တာအဖြစ် ရပ်တည်ခဲ့ကြောင်း Source Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ အင်္ဂလန်ဖိုက်တာ အက်စ်ပီနောက မျက်လုံးဒဏ်ရာကြောင့် ကာလရှည် အနားယူရမည်ဖြစ်သည့်အတွက် ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ပြီးနောက် ယာယီချန်ပီယံခါးပတ် ပိုင်ရှင်အဖြစ် ပြင်သစ်ဖိုက်တာ စီရယ်ဂိန်းက ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ဂျွန်ဂျုန်းသည် UFC လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံများဖြစ်ခဲ့သည့် ဘရာဇီးဖိုက်တာများ ဖြစ်သည့် ရှိုဂန်း၊ မာရီဒါ၊ ဘဲလ်ဖော့၊ အမေရိကန် ဖိုက်တာများဖြစ်ကြသည့် ဂျက်ဆင်၊ အီဗန်တို့ကိုအနိုင်ရခဲ့သကဲ့သို့ လိုက်ဝိတ်တန်းနှင့် ဟဲဗီးဝိတ်တန်း ချန်ပီယံဖြစ်သည့် ကော်မီယာ၊ လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံဖိုက်တာတိုင်ဇီယာ၊ ဟဲဗီးဝိတ်တန်းချန်ပီယံ မီအိုဆစ်တို့ကို အနိုင်ရခဲ့သည်။

အလားတူ ဂျွန်ဂျုန်းသည် လက်ရှိ UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံသစ်ဖြစ်လာခဲ့သည့် စီရယ်ဂိန်းကိုလည်း ၂၀၂၃ ခုနှစ်က အနိုင်ရရှိထားသည့်အတွက် UFC ပြိုင်ပွဲတွင် မတူညီသည့် ချန်ပီယံခါးပတ်ရရှိသူဖိုက်တာကိုးဦးကို အနိုင်ရရှိထားသည့် ပထမဆုံးဖိုက်တာအဖြစ် ရပ်တည်ခဲ့ကြောင်း သိရသည်။

**Ref : Source Boxing**

**Trs : STA**

# Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၁)ပွဲစဉ်များကို စက်တင်ဘာ ၁၅ ရက်တွင် စတင်ကျင်းပ



**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီးဖူဆယ်ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၁)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းရှိ Multipurpose Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

Mandalar Futsal League 2026 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ယနေ့မှစတင်ပြီး လာမည့် အောက်တိုဘာ ၁၅ ရက်ထိ ကျင်းပမည်ဖြစ်သည်။

Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၁)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီက Mali Kyal Sin အသင်းနှင့် Gloryအသင်းတို့ကစားခဲ့ရာ Mali Kyal Sin အသင်း က ငါးဂိုး နှစ်ဂိုး၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် SKအသင်းနှင့် Pyae Sone အသင်းတို့ကစားခဲ့ရာ Pyae Sone အသင်းက ငါးဂိုး သုံးဂိုး၊ နံနက် ၁၁ နာရီခွဲက TG United အသင်းနှင့် MDY Youth အသင်းတို့ကစားခဲ့ရာ TG United အသင်းက ၁၁ ဂိုး တစ်ဂိုးဖြင့်အသီးသီးအနိုင်ရခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Mogyo အသင်းနှင့် AYA Panpu အသင်းတို့ကစားခဲ့ရာ AYA Panpu အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး မွန်းလွဲ ၃ နာရီက KH အသင်းနှင့် Black Wolves အသင်းတို့ ကစားခဲ့ရာ Black Wolves အသင်းက သုံးဂိုး ဂိုး မရှိဖြင့် အနိုင်ရခဲ့သည်။

Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များကို စက်တင်ဘာ ၁၇ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**STA**

# မန်ယူအသင်းက ရလဒ်များမတည်မငြိမ်ဖြစ်နေသော်လည်း နည်းပြအပြောင်းအလဲမလုပ်ဆောင်ရန် ဆုံးဖြတ်

**မန်ချက်စတာ စက်တင်ဘာ ၁၅**

မန်ယူအသင်း တာဝန်ရှိသူများက ရာသီအစပိုင်းတွင် ရလဒ်များ မတည်မငြိမ် ဖြစ်နေသော်လည်း နည်းပြအပြောင်းအလဲလုပ်ဆောင်မည်မဟုတ်ဘဲ နည်းပြကာရစ်ကိုသာ ဆက်လက်တာဝန်ပေးအပ်ရန် ဆုံးဖြတ်ထားကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းနည်းပြ ကာရစ်သည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီက ရာသီဝက်ကာလ ယာယီနည်းပြအဖြစ် အသင်းကိုရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိအောင် စွမ်းဆောင်ခဲ့သူဖြစ်သည်။

ထို့နောက် မန်ယူအသင်းသည် ရာသီအကုန်တွင် အသင်းကိုချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်ခဲ့သည့် နည်းပြကာရစ်ကို အမြဲတမ်းနည်းပြအဖြစ် နှစ်နှစ်စာချုပ်ချုပ်ဆိုကာ ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ အစပိုင်းတွင် မန်ယူအသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ရလဒ်များ မတည်မငြိမ်ဖြစ်နေပြီး ဖိအားများနှင့် ရင်ဆိုင်နေရခြင်း ဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄) အပြီးတွင် ယခုနှစ် ဘောလုံးရာသီ ထုတ်ပယ်ခံရနိုင်သည့် နည်းပြများစာရင်း၌ ကာရစ်က ထိပ်ဆုံးမှ ရပ်တည်နေသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း မန်ယူအသင်းတာဝန်ရှိသူများက နည်းပြကာရစ်ကို ထောက်ခံမှုများ ပြုလုပ်ထားဆဲဖြစ်ပြီး နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် အစီအစဉ်မရှိဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : The Athletic**

**Trs : STA**

# English Open Snooker ပြိုင်ပွဲအပြီး စနူကာကမ္ဘာ့အဆင့်သတ်မှတ်ချက် အပြောင်းအလဲရှိခဲ့သော်လည်း ဇီဟို အဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်

**လန်ဒန် စက်တင်ဘာ ၁၅**

အင်္ဂလန်နိုင်ငံတွင် ကျင်းပခဲ့သည့် English Open Snooker ပြိုင်ပွဲအပြီးတွင် စနူကာကမ္ဘာ့အဆင့် သတ်မှတ်ချက်များ အပြောင်းအလဲ ရှိခဲ့သော်လည်း အဆင့်(၁)နေရာတွင် တရုတ်ကစားသမားဇီဟိုက ဆက်လက်ရပ်တည်နေကြောင်း Totally Snookered သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



ဇီဟိုသည် English Open Snooker ပြိုင်ပွဲတွင် ပထမအဆင့်မှထွက်ခွာခဲ့ရပြီးနောက် ကမ္ဘာ့အဆင့်(၁)နေရာတွင် အပြောင်းအလဲဖြစ်ပေါ်ရန် နီးစပ်ခဲ့သော်လည်းအဆင့်သတ်မှတ်ချက် ထိပ်ပိုင်းမှ ကစားသမားများအနေဖြင့် ရလဒ်ကောင်းများ မရရှိခဲ့ကြသည့်အတွက် ဇီဟိုက ကမ္ဘာ့အဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ အစောပိုင်းက ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်နေသည့် အင်္ဂလန်ကစားသမား ဆဲလ်ဘိုင်သည်လည်း English Open Snooker ပြိုင်ပွဲတွင် ရလဒ်မကောင်းခဲ့ဘဲ ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် ကမ္ဘာ့အဆင့်သတ်မှတ်ချက် သုံးဆင့်ထိ ကျဆင်းခဲ့သည်။

English Open Snooker ပြိုင်ပွဲအပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ ဇီဟို၏နောက်တွင် အင်္ဂလန်ကစားသမား ဂျူ့စ်ထရန့်က တစ်ဆင့်မြင့်တက်ခဲ့ပြီး အဆင့်(၂)၊ သြစတြေးလျ ကစားသမား နေးရော်ဘတ်ဆင်က တစ်ဆင့်မြင့်တက်ခဲ့ပြီး အဆင့် (၃)၊ တရုတ်ကစားသမား ဝူယီဇီက တစ်ဆင့်မြင့်တက်ခဲ့ပြီး အဆင့်(၄)၊ ဆဲလ်ဘိုင်က အဆင့်(၅)၊ စကော့တလန်ကစားသမား ဂျွန်ဟစ်ဂျင်က အဆင့် (၆)၊ အင်္ဂလန်ကစားသမား မူဖေးက အဆင့်(၇)၊ ဝေးလ်ကစားသမား မက်ဂီလီယံက တစ်ဆင့်မြင့်တက်ခဲ့ပြီး အဆင့် (၈)၊ အင်္ဂလန် ကစားသမားများဖြစ်သည့် ဝီလ်ဆင်က တစ်ဆင့်ကျဆင်းခဲ့ပြီး အဆင့်(၉)၊ ဘယ်ရီဟော့ကင်က အဆင့်(၁၀)နေရာတွင် အသီးသီးရပ်တည်ခဲ့ကြောင်း သိရသည်။

**Ref : Totally Snookered**

**Trs : STA**

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၅

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ်ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ပြိုင်ပွဲဝင်အားကစား သမားများ ခန်းမအတွင်းနေရာယူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့ပြီးနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစား သမားများက အားကစားသစ္စာ အဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြပြီးနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများ ကိုကြည့်ရှုအားပေးသည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ကို အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း၊အသင်း အုပ်ချုပ်သူ နည်းပြ၊ အားကစား သမား ၁၇၂ ဦးဖြင့် ယနေ့မှစတင်ပြီး စက်တင်ဘာ ၁၇ ရက်ထိကျင်းပမည် ဖြစ်ကြောင်း သိရသည်။

STA

# ASEAN Shopee Cupပြိုင်ပွဲ ခြေစစ်ပွဲ အောင်မြင်ခဲ့သည့် ရှမ်းယူနိုက်တက် အသင်းအုပ်စု(B)တွင် ကစားရမည်

ရန်ကုန် စက်တင်ဘာ ၁၅

ASEAN Shopee Cupပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ကလပ်အသင်းအဖြစ်ပါဝင်ကစားခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် စက်တင်ဘာ ၁၄ ရက်က ခြေစစ်ပွဲအဆင့်အောင်မြင်ခဲ့သည့်အတွက် ပြိုင်ပွဲ၌ အုပ်စု(B)တွင် ပါဝင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ASEAN Shopee Cupပြိုင်ပွဲခြေစစ်ပွဲအဆင့်ပွဲစဉ်အဖြစ် လာအိုကလပ် Ezra အသင်းနှင့်ကစားခဲ့ရာ ပထမအကျော့တွင် သုံးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့တွင် ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှမ်းယူနိုက်တက်အသင်းက အနိုင်ရခဲ့သည်။

ASEAN Shopee Cupပြိုင်ပွဲကို အာဆီယံဒေသတွင်းမှ ကလပ်အသင်း ၁၄ သင်းဖြင့် ခုနစ်သင်း နှစ်အုပ်စု ကျင်းပမည်ဖြစ်ပြီး ထိုင်းနိုင်ငံမှ ကလပ်အသင်း သုံးသင်း၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနိုင်ငံတို့မှ ကလပ်အသင်းနှစ်သင်းစီ၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ မြန်မာနိုင်ငံတို့မှ ကလပ် အသင်းတစ်သင်းစီ ပါဝင်ကစားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု(B)တွင် ထိုင်းကလပ်ပေါ်ခ်အက်ဖ်စီအသင်း၊ မလေးရှားကလပ် ဂျာဟိုးဒါရုလ်အသင်း၊ စင်ကာပူကလပ် လိုင်ယွန်စီးတီးအသင်း၊ ဗီယက်နမ်ကလပ် ဟန္နိုင်းအက်ဖ်စီအသင်း၊ ကမ္ဘောဒီးယားကလပ် ပက်ခန်ရီဆာဗေးရင်း အသင်း၊ အင်ဒိုနီးရှားကလပ် ပရီဆီဘန်ဒေါင်းအသင်းတို့နှင့်တစ်အုပ်စုတည်း ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ဥရောပဘောလုံးအဖွဲ့ချုပ်က ၂၀၂၉ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်ကို ဘာစီလိုနာအသင်းအိမ်ကွင်း နူးကမ့်အားကစားကွင်းတွင် ကျင်းပမည်

ဘာစီလိုနာ စက်တင်ဘာ ၁၅

ဥရောပ ဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ၂၀၂၉ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ဘာစီလိုနာအသင်း၏ အိမ်ကွင်း နူးကမ့်အားကစားကွင်း၌ ကျင်းပမည်ဟု ယနေ့ကျင်းပသည့် ဥရောပဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်တွင် အတည်ပြု ကြေညာခဲ့ကြောင်း 433သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

ဥရောပ ဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၂၈ ခုနှစ်နှင့် ၂၀၂၉ ခုနှစ် တို့တွင်ကျင်းပမည့် ပြိုင်ပွဲအသီးသီး အတွက် ဗိုလ်လုပွဲစဉ်လက်ခံကျင်းပမည့်အားကစားကွင်းများကိုအတည်ပြုကြေညာခဲ့ပြီးနောက် ၂၀၂၉ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ဘာစီလိုနာအသင်း အိမ်ကွင်းတွင် ကျင်းပရန်ဆုံးဖြတ်ခဲ့သည်။

အစောပိုင်းက ချန်ပီယံလိဂ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်များ လက်ခံကျင်းပမည့် အားကစားကွင်းကို ဥရောပ ဘောလုံးအဖွဲ့ချုပ်က အတည်ပြု ထားပြီးဖြစ်ပြီး ၂၀၂၇ ခုနှစ် ဗိုလ်လုပွဲစဉ်ကို စပိန်နိုင်ငံ မက်ဒရစ်မြို့ရှိ မက်ထရိုပိုလီတာနို အားကစားကွင်း၊ ၂၀၂၈ ခုနှစ် ဗိုလ်လုပွဲစဉ်ကို ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ အလိုင်းအရီနာအားကစားကွင်းတို့တွင် ကျင်းပမည်ဖြစ်သည်။

ထို့ပြင် ဥရောပဘောလုံးအဖွဲ့ချုပ်က ၂၀၂၈ ခုနှစ် အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို လိုင်ယွန်အသင်းအိမ်ကွင်း၊၂၀၂၉ ခုနှစ်အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ကာဒစ်ဖ်အသင်းအိမ်ကွင်းတို့တွင် ကျင်းပမည်ဖြစ်သည်။

ဘာစီလိုနာအသင်း အိမ်ကွင်းတွင် ယခင်က ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို နှစ်ကြိမ်ကျင်းပခဲ့ဖူးပြီး ၁၉၈၉ ခုနှစ် ဗိုလ်လုပွဲစဉ်တွင် အေစီမီလန်အသင်းက ချန်ပီယံဆု ဆွတ်ခူးခဲ့ကာ ၁၉၉၉ ခုနှစ်ပြိုင်ပွဲတွင် မန်ယူအသင်းက ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : 433

Trs : STA

# အမျိုးသမီးတင်းနစ် နောက်ဆုံးကမ္ဘာ့အဆင့်ထုတ်ပြန်ချက်၌ အပြောင်းအလဲရှိခဲ့ပြီး ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာ ထိပ်ဆုံးတွင်ရပ်တည်



အက်စ်တာနာ စက်တင်ဘာ ၁၅

ပြီးခဲ့သည့် U. S. Open အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးခဲ့သည့် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာသည် နောက်ဆုံးကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့်အပြောင်းအလဲများရှိခဲ့ပြီး ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်ခဲ့ကြောင်း Sportskeeda Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

U.S. Open အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ မစတင်မီက ကမ္ဘာ့အဆင့်(၁)နေရာတွင် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာက ရပ်တည်ခဲ့သော်လည်း ၎င်းအနေဖြင့် အဆိုပါပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် အဆင့်(၂)နေရာသို့ကျဆင်းခဲ့သည်။

နောက်ဆုံး ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ရိုင်ဘာကီနာက ရမှတ် ၉၉၀၁ မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့ပြီး ၎င်း၏နောက်တွင် ဆာဘာလင်ကာက ၇၈၇၅ မှတ်ဖြင့် အဆင့်(၂)၊ အမေရိကန်တင်းနစ်မယ်များဖြစ်ကြသည့် ပီဂူလာက ရမှတ် ၇၆၅၅မှတ်ဖြင့် အဆင့်(၃)၊ ကိုကိုဂေါ့ဖ်က ၇၂၄၄ မှတ်ဖြင့် အဆင့်(၄)၊ ရုရှားတင်းနစ်မယ် အန်ဒရီဗာက ၅၇၄၃ မှတ်ဖြင့် အဆင့်(၅)၊ ချက်တင်းနစ်မယ် နော့စ်ကိုဗာက ၅၃၂၈ မှတ်ဖြင့် အဆင့်(၆)၊ ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာက ၄၈၀၉ မှတ်ဖြင့် အဆင့်(၇)၊ ရုရှားတင်းနစ်မယ် မူချိုဗာက ၄၆၈၃ မှတ်ဖြင့် အဆင့်(၈)၊ ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က ၄၆၁၉ မှတ်ဖြင့် အဆင့်(၉)၊ ယူကရိန်းတင်းနစ်မယ် ကော့ယူခ်က ရမှတ် ၃၉၈၀ ဖြင့် အဆင့်(၁၀)နေရာတွင် အသီးသီး ရပ်တည်နေသည်။

ရိုင်ဘာကီနာသည် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့သည့် အပြင် လာမည့်နိုဝင်ဘာလအတွင်း ကျင်းပမည့် တင်းနစ်လောက၌ အဆင့်အတန်းအမြင့်ဆုံး ပြိုင်ပွဲဖြစ်ပြီးတင်းနစ်ရာသီ နောက်ဆုံးပြိုင်ပွဲဖြစ်သည့် ထိပ်တန်းကစားသမား ရှစ်ဦးဖြင့်ကျင်းပမည့် WTA Finals တင်းနစ်ပြိုင်ပွဲသို့ ဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

Ref : Sportskeeda Tennis

Trs : STA

# မြန်မာတက်ဂ်ဘောအသင်း အာရှအားကစားပြိုင်ပွဲကစားရန် ဂျပန်နိုင်ငံသို့ ရောက်ရှိနေပြီး လေ့ကျင့်မှုများ လုပ်ဆောင်



ရန်ကုန် စက်တင်ဘာ ၁၅

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှအားကစားပြိုင်ပွဲ တက်ဂ်ဘောပြိုင်ပွဲဝင်ရောက်ကစားမည့် မြန်မာတက်ဂ်ဘောအသင်းသည် ဂျပန်နိုင်ငံ၌ရောက်ရှိနေပြီး ယနေ့တွင် လေ့ကျင့်မှုများစတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

မြန်မာ တက်ဂ်ဘောအသင်းသည် အာရှအားကစားပြိုင်ပွဲဝင်ရောက်ကစားရန် စက်တင်ဘာ ၁၄ ရက်ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာခဲ့ပြီး ယနေ့တွင်ရောက်ရှိခဲ့ပြီးနောက် လေ့ကျင့်မှုများ စတင်လုပ်ဆောင်နေခြင်းဖြစ်သည်။

မြန်မာ တက်ဂ်ဘောအသင်းသည် အာရှအားကစားပြိုင်ပွဲ တက်ဂ်ဘောပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား သုံးမျိုး ဝင်ပြိုင်မည်ဖြစ်ပြီး အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် စောဖရိုက်ဒေး၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ခင်နှင်းဝေ၊ အမျိုးသမီးနှစ်ဦးတွဲ ပြိုင်ပွဲတွင် ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲ တက်ဂ်ဘောပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်ထိ ဂျပန်နိုင်ငံ နာဂိုရာမြို့ Nagoya City Higashi Sports Center တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ကမ္ဘာကြီးပူနွေးလာမှုလျှော့ချဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

နှစ်စဉ် စက်တင်ဘာ ၁၆ ရက်သည် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ပင်ဖြစ်သည်။ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက အိုဇုန်းလွှာပါးလွှာလာမှုကိုဖြစ်ပေါ်စေသည့် အရာဝတ္ထုများအသုံးပြုမှုကို ကာကွယ်ပေးသည့် မွန်ထရီရယ်ပဋိညာဉ် (Montreal Protocol) လက်မှတ်ရေးထိုးခဲ့သော ၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်ကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဆောင်ပုဒ်သည် "Global Action for A Cooler Planet–ကမ္ဘာမြေ ပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့"ဖြစ်သည်။

**အိုဇုန်းလွှာဆိုသည်မှာ**

အိုဇုန်းလွှာသည် နေရောင်ခြည်မှ ကျရောက်လာသည့် ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးနိုင်သည့်အပြင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကိုလည်း အတိုင်းအတာတစ်ခုထိ ကာကွယ်ပေးနိုင်သည်။ ဘေးအန္တရာယ်ဖြစ်စေသော ခရမ်းလွန်ရောင်ခြည်များကို ကာကွယ်ပေးသဖြင့် ကျန်းမာရေးနှင့် ဂေဟစနစ်ကိုလည်း ကာကွယ်ထိန်းသိမ်းပေးလျက်ရှိသည်။ ထို့ကြောင့် အိုဇုန်းလွှာသည် မျိုးဆက်သစ်များအတွက် ဘေးအန္တရာယ်ကာကွယ်ပေးမည့် သဘာဝက ပေးထားသောဒိုင်းကြီးပင်ဖြစ်သည်။

အိုဇုန်းဓာတ်ငွေ့သည် အောင်ဆီဂျင်မှတစ်ဆင့် ဖွဲ့စည်းထားသည့်ဓာတ်ငွေ့ဖြစ်ပြီး သဘာဝအားဖြင့် ကမ္ဘာမြေနှင့်ကပ်လျက်ရှိသည့် လေထုထဲတွင်တွေ့ရလေ့ရှိသည်။ လူသားတို့ရှင်သန်နိုးကျွမ်းဝင်နေသော အောက်ဆီဂျင်ဓာတ်ငွေ့သည် ဒိုင်အောက်ဆီဂျင်(O2) ဖြစ်သည်။ ၎င်းဓာတ်ငွေ့သည် ကမ္ဘာ့လေထု၏ ၂၁ ရာခိုင်နှုန်းရှိသည်။ အိုဇုန်းသည် ထရိုင်အောက်ဆီဂျင် (O3)ဖြစ်ပြီး ရှားပါးသည့်ဓာတ်ငွေ့ဖြစ်သည်။ ထူးခြားသည့်အချက်သည် ဓာတ်ငွေ့မော်လီကျူး ၁၀ သန်းတွင် အိုဇုန်းမော်လီကျူးသုံးခုသာလျှင် တွေ့ရှိရခြင်းဖြစ်သည်။ သို့ဖြစ်၍ အိုဇုန်းဓာတ်ငွေ့ ၁၀ ရာခိုင်နှုန်းကိုသာလျှင် ကမ္ဘာမြေပြင်နှင့် နီးကပ်လျက်ရှိသည့် လေထုအတွင်း၌ တွေ့ရှိနိုင်သည်။ ထို့ထက်မြင့်မားသည့်အထက်လေထုလွှာ၌ အိုဇုန်းဓာတ်ငွေ့ ၉၀ ရာခိုင်နှုန်းခန့် တွေ့ရှိရသည်။ ထိုအိုဇုန်းလွှာသည် ကမ္ဘာမြေထုကို နေရောင်ခြည်မှကျရောက်လာမည့် ခရမ်းလွန်ရောင်ခြည်သင့်မှုအန္တရာယ်ကို ကာကွယ်ပေးလျက်ရှိသည်။

**အိုဇုန်းလွှာပါးလွှာရသောအကြောင်းတရားများ**

လေထုအတွင်း၌ Chlorofluorocarbon– CFC နှင့် ဟေလွန်ဂျင်ကဲ့သို့သောဓာတ်ငွေ့များ ပိုမိုပါဝင်နေမည်ဆိုလျှင် အိုဇုန်းလွှာကို ပါးလွှာစေနိုင်သည်။ ရေခဲသေတ္တာများ၊ စပရေးဘူးများ၊ လျှပ်ကာပစ္စည်းများနှင့် မီးသတ်ဆေးဘူးများ အသုံးပြုသည့်အခါ CFC ဓာတ်ငွေ့များ ထုတ်လွှတ်လေ့ရှိသည်။ ၁၉၈၀ ပြည့်လွန်ကာလများတွင် အိုဇုန်းလွှာပါးလွှာစေသည့် ဒြပ်ပစ္စည်းများဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုသည် ၁၀ ဂစ်ဂါတန်ထိရှိခဲ့သည်။ အထူးသဖြင့် အိုဇုန်းလွှာပါးလွှာမှုသည် အန္တာတိကတိုက်ပေါ်၌ နှစ်စဉ်ကြီးထွားလျက်ရှိသည်ဟုဆိုသည်။ ထို့ကြောင့် အိုဇုန်းလွှာအပေါက် ကျုံ့သွားစေရန် ဆယ်စုနှစ်တစ်စုခန့် အချိန်ယူရမည်ဖြစ်သည်။ လူသားတို့သည် အိုဇုန်းလွှာကြီးကို စက်မှုတော်လှန်ရေးမစမီကာလက ပိုင်ဆိုင်ထားသည့် သဘာဝအခြေအနေမျိုးသို့ ပြန်လည်ရောက်ရှိလာစေရန် ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။ ထိုသို့အားထုတ်ရာတွင် ကမ္ဘာမြေကြီးနှင့်ကပ်လျက်ရှိသော လေထုလွှာကို ပြောင်းလဲနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျှော့ချပေးနိုင်သော နည်းလမ်းများဖြင့် စတင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

အထူးသဖြင့် အိုဇုန်းလွှာပါးလွှာလာမှုဖြစ်ပေါ်စေသည့် အရာဝတ္ထုများအသုံးပြုမှုကို ကာကွယ်ပေးသည့် မွန်ထရီရယ်ပဋိညာဉ်(Montreal Protocol)ကို ၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၎င်းစာချုပ်အရ အိုဇုန်းလွှာပါးလွှာစေနိုင်သည့် အရာဝတ္ထုပစ္စည်းများ ထုတ်လုပ်မှုကို တဖြည်းဖြည်း လျှော့ချရပ်ဆိုင်းစေခြင်းအားဖြင့်




အိုဇုန်းလွှာကို ကာကွယ်ခဲ့သည်။ ထိုသို့ကာကွယ်မှုကြောင့် အိုဇုန်းလွှာစံနှုန်းသည် ၁၉၈၀ ပြည့်လွန်နှစ်များတွင်ရှိနေခဲ့သည့် ထုထဲမှုစံနှုန်းအဆင့်သို့ ပြန်လည်ရောက်ရှိလာနေပြီဖြစ်သည်။

ထိုမွန်ထရီရယ်ပဋိညာဉ် ပြဋ္ဌာန်းမှုကြောင့် လက်ရှိအချိန်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို ၉၀ ရာခိုင်နှုန်းကျော်ထိ လျှော့ချနိုင်ပြီဖြစ်သည်။ မွန်ထရီရယ်ပဋိညာဉ်ကို အပြည့်အဝလိုက်နာဆောင်ရွက်ခြင်းအားဖြင့် အိုဇုန်းလွှာအနေအထားသည် ၂၀ ရာစုမတိုင်မီကာလက အာတိတ်နှင့် အန္တာတိကဒေသတို့တွင်ရှိခဲ့သည့် အိုဇုန်းလွှာအနေအထားသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။

**ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်ပေး**

လူသားတို့သည် နေ့စဉ်ထိတွေ့နေရသော နေရောင်ခြည်တွင် လူကိုထိခိုက်စေနိုင်သည့် ခရမ်းလွန်ရောင်ခြည်များပါဝင်လျက်ရှိသည်။ ထိုခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ကာကွယ်ပေးလျက်ရှိသည့် သဘာဝဒိုင်းကြီးမှာ အိုဇုန်းလွှာပင်ဖြစ်သည်။ နိုင်ငံတကာ အသိုက်အဝန်းများသည် အိုဇုန်းလွှာပါးလွှာမှုအပေါ်အလေးထား၍စုပေါင်းကာကွယ်စောင့်ရှောက်လျက်ရှိကြသည်။ ထိုကျေးဇူးတရားများကြောင့် ကမ္ဘာမြေကြီးကို ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ အကာအကွယ်ပေးထားသည့် အိုဇုန်းလွှာသည် လာမည့်ဆယ်စုနှစ်ကာလအတွင်း ပြန်လည်နာလန်ထူလာတော့မည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက အစီရင်ခံတင်ပြခဲ့သည်။ ထို့ပြင် ကမ္ဘာမြေပေါ်သို့ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုသည် တဖြည်းဖြည်း လျော့နည်းလာပြီဖြစ်ကြောင်းနှင့် အိုဇုန်းလွှာအတွင်းရှိ ခရမ်းလွန်ရောင်ခြည်အဆင့်သည်လည်း ပြောင်းလဲလာပြီဖြစ်သည်ဟု သိပ္ပံပညာရှင်များက အခိုင်အမာပြောဆိုထားသည်။

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်ဆိုသည်မှာ**

နေရောင်ခြည်မှဖြာထွက်လာသော ခရမ်းလွန်ရောင်ခြည်တွင် Ultraviolet A–UVA ၊ Ultraviolet B–UVB နှင့် Ultraviolet C–UVC တို့ကိုသာ လူသိများကြသည်။ ထို့ပြင် Near Ultraviolet–NUV၊ Middle Ultraviolet–MUV၊ Far Ultraviolet–FUV၊ Hydrogen Lyman–alpha – Hlyman–α၊ Vacuum Ultraviolet– VUV နှင့် Extreme Ultraviolet–EUV တို့ကိုလည်းတွေ့ရှိနိုင်သည်။ ခရမ်းလွန်ရောင်ခြည် တိုက်ရိုက်ကျရောက်ထိတွေ့ခံရသူများသည် အသားအရေများတဖြည်းဖြည်း ညိုမည်းလာပြီး နေလောင်ဒဏ်ခံစားရမည်ဖြစ်သည်။ လွန်ကဲစွာကျရောက်ထိတွေ့ခံရပါက အရေပြားကင်ဆာဖြစ်ပွားသည်ထိ ခံစားရမည်ဖြစ်သည်။

စင်စစ်အားဖြင့် ခရမ်းလွန်ရောင်ခြည် (Ultraviolet–UV)ကို ရောင်ခြည်ဖြာထွက်မှုအလျားကို အခြေခံလျက် UV–a ၊ UV–b နှင့် UV–c ဟူ၍သုံးမျိုး ခွဲခြားထားသည်။ အိုဇုန်းမော်လီကျူးများသည် သက်ရောက်မှုမတူညီသည့် ခရမ်းလွန်ရောင်ခြည်သုံးမျိုးအပေါ် မတူညီသောရောင်ခြည်တန်းများဖြင့် တုံ့ပြန်ကာကွယ်ပေးသည်။ အိုဇုန်းမော်လီကျူးများသည် ခရမ်းလွန်ရောင်ခြည် (UV–c) အပေါ် ထိရောက်စွာတုံ့ပြန်နိုင်ပြီး ကမ္ဘာ့မြေပြင်အထက်မိုင် ၂၀ ခန့်တွင် လုံးဝကာကွယ်ပေးနိုင်သည်။ အိုဇုန်းဓာတ်ငွေ့သည် ဒုတိယအမျိုးအစားဖြစ်သည့် ခရမ်းလွန်ရောင်ခြည်(UV–a)အပေါ်တွင် သက်ရောက်မှုအနည်းငယ်သာရှိသော်လည်း ၎င်းရောင်ခြည်သည် နေလောင်ခြင်း သို့မဟုတ် မျိုးရိုးဗီဇပျက်စီးမှုကို တိုက်ရိုက်ဖြစ်ပွားမှုမရှိသဖြင့် လွန်စွာပူပန်စရာမလိုအပ်ပေ။

သို့သော် ခရမ်းလွန်ရောင်ခြည် (UV–b)သည် ကမ္ဘာမြေပေါ်သို့ အဆိုးရွားဆုံးသက်ရောက်မှုရှိသည့် ရောင်ခြည်တစ်မျိုးဖြစ်သည်။ လူ့ခန္ဓာကိုယ်ပေါ်သို့ ခရမ်းလွန်ရောင်ခြည် (UV–b)တိုက်ရိုက်ကျရောက်ပါက အရေပြားကင်ဆာကဲ့သို့သော DNA ပျက်စီးမှုများပြင်းထန်စွာခံစားရသည်။ သို့သော် ကံကောင်းထောက်မစွာဖြင့် အိုဇုန်းလွှာသည် ခရမ်းလွန်ရောင်ခြည်(UV–b)အများစုကို ကာကွယ်ပေးထားပြီး အချို့သာလျှင် ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်လျက်ရှိသည်။ ထို့ကြောင့် အိုဇုန်းလွှာပါးလွှာမှုဖြစ်ပေါ်လာသလောက် ကမ္ဘာမြေပြင်ပေါ်သို့ UV–b ရောက်ရှိမှုအဆင့်လည်း မြင့်မားလာစေနိုင်သည်။ သို့သော် သက်ရှိလူသားများနေထိုင်လျက်ရှိသည့် ကမ္ဘာမြေထုကြီးကို ကင်ဆာရောဂါဖြစ်စေနိုင်သော ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှကာကွယ်ပေးသည့် အိုဇုန်းလွှာသည် နှစ်ကာလအတန်ကြာပါးလွှာလာမှုဖြစ်ပွားခဲ့ပြီးနောက် ပြန်လည်ထူထဲလာမည့် ကြိုတင်လက္ခဏာများတွေ့ရှိလာရသည်ဟု ကမ္ဘာ့ကုလသမဂ္ဂလေ့လာချက်များတွင် ထုတ်ပြန်ထားရှိသည်။

**ကမ္ဘာကြီးပူနွေးလာမှုလျှော့ချဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

မွန်ထရီရယ်ပဋိညာဉ်သည် အိုဇုန်းလွှာပါးလွှာမှုဖြစ်ပေါ်စေသည့် CFC ဓာတ်ငွေ့ထုတ်လွှတ်မှုကို အဆင့်တစ်ခုထိ လျှော့ချနိုင်သော်လည်း ရာသီဥတုအပေါ်သက်ရောက်လျက်ရှိသည့် ဆိုးကျိုးများကိုမူ လျှော့ချနိုင်ခြင်းမရှိသေးဟု ပညာရှင်များက သတိပေးထားသည်။ CFC ဓာတ်ငွေ့သည် အိုဇုန်းလွှာအပေါ် ထိခိုက်မှုဖြစ်စေနိုင်သည့်အပြင် ဖန်လုံအိမ်ဓာတ်ငွေ့များကိုပါ ထုတ်လွှတ်နိုင်သည်။ နှစ်စဉ် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် လက်ရှိအချိန်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု၏ သုည ဒသမ ၅ ဂစ်ဂါတန်ခန့်ရှိသည်။ နှစ်စဉ် ခုနစ်ရာခိုင်နှုန်းခန့် တိုးတက်ထုတ်လွှတ်လျက်ရှိပြီး ကမ္ဘာမြေကြီးသည် တဖြည်းဖြည်းပူနွေးလာလျက်ရှိရာ လာမည့် ၁၀ စုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်လာစေနိုင်သည်။

အိုဇုန်းလွှာ ပါးလွှာလာမှုသည် ၂၁ ရာစု၏ ဒုတိယနှစ်ဝက်ကာလတွင် လေထုထဲ၌ ရေရှည်ရပ်တည်နေသော ဖန်လုံအိမ်ဓာတ်ငွေ့များဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းနှင့် နိုက်ထရစ်အောက်ဆိုက် ပါဝင်မှုတို့အပေါ် များစွာတည်မှီလျက်ရှိသည်။ ထို့ကြောင့် လေထုတွင်းရှိထိုဓာတ်ငွေ့များကို လျှော့ချသွားနိုင်မှသာလျှင် ကမ္ဘာမြေကြီးပူနွေးလာမှုကိုလျှော့ချနိုင်မည်ဖြစ်သည်။ အမှန်တော့ အိုဇုန်းလွှာသည် နေရောင်ခြည်မှ ကျရောက်လာသည့်ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးနိုင်သည့်အပြင် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကိုလည်း အတိုင်းအတာတစ်ခုထိ ကာကွယ်ပေးနိုင်သည်။ ဘေးအန္တရာယ်ဖြစ်စေသောခရမ်းလွန်ရောင်ခြည်များကို ကာကွယ်ပေးသဖြင့် ကျန်းမာရေးနှင့် ဂေဟစနစ်ကိုလည်း ကာကွယ်ထိန်းသိမ်းပေးလျက်ရှိသည်။ ထို့ကြောင့် အိုဇုန်းလွှာသည် အနာဂတ်မျိုးဆက်သစ်များအတွက် ဘေးအန္တရာယ်ကာကွယ်ပေးမည့် သဘာဝကပေးထားသော ဒိုင်းကြီးပင်ဖြစ်သည်။

အထူးသဖြင့် အိုဇုန်းလွှာပါးလွှာစေမည့် Chlorofluorocarbon– CFC နှင့် ဟေလွန်ဂျင်ကဲ့သို့သော ဓာတ်ငွေ့များကို လျှော့ချသုံးစွဲသွားသင့်သည်။ ထို့ပြင် CFC ဓာတ်ငွေ့များ ထုတ်လွှတ်လေ့ရှိသည့် ရေခဲသေတ္တာများ၊ စပရေးဘူးများ၊ လျှပ်ကာပစ္စည်းများနှင့် မီးသတ်ဆေးဘူးများကိုလည်း လျှော့ချသုံးစွဲသွားသင့်သည်။ ထိုသို့စနစ်တကျလျှော့ချသုံးစွဲသွားမည်ဆိုလျှင် ကမ္ဘာကြီးပူးနွေးလာမှုကို အတိုင်းအတာတစ်ခုထိ လျှော့ချနိုင်စေမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူအားလုံးအနေဖြင့် အိုဇုန်းလွှာကြီး ပြန်လည်ထူထဲလာပြီး ကမ္ဘာ့အပူချိန်ကိုအတိုင်းအတာတစ်ခုထိ လျှော့ချနိုင်ရေးအတွက် CFC ဓာတ်ငွေ့များထုတ်လွှတ်သည့်ပစ္စည်းများကို လျှော့ချသုံးစွဲသွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

– https:// www.un.org/ en/ observances ozone–day

# အတ္တကမ်းပါး ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁၈ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်




**ရန်ကုန် စက်တင်ဘာ ၁၅**

အတ္တကမ်းပါး ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁၈ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် ခိုင်နှင်းဝေထံမှ သိရသည်။

အဆိုပါ အတ္တကမ်းပါး ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ ပုဏ္ဏမီ၏ အောင်မြင်ခဲ့သည့် လုံးချင်းဝတ္ထုကို ညမွှေးပန်းနှင့် ငွေစင်သွန်းတို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ဟိန်းစိုးက မြနန်းတော်ဝင် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"အတ္တတွေ၊ မာနတွေကြားထဲက သားအပေါ် အစွန်းရောက်ခဲ့တဲ့ ချစ်ခြင်းတရားအပြင် အမုန်းတရားတွေနဲ့ တည်ဆောက်ထားတဲ့ ကမ်းပါးထက်က အသျှင်ရဲ့အမေ ဒေါ်မမကြီးအဖြစ် သရုပ်ဆောင်ထားပါတယ်။ အမုန်းတွေနဲ့ တည်ဆောက်ထားတဲ့ ကမ်းပါးထက်မှာ ဘယ်သူတွေ ကျရှုံးပြီး ဘယ်သူတွေ အနိုင်ရသွားမလဲ။ အတ္တတွေပိုပြီး နက်ရှိုင်းလေလေ ပြိုကျပျက်စီးရတဲ့ ကမ်းပါးတွေကလဲ ပိုမိုနက်ရှိုင်းလေလေပါပဲဆိုတဲ့ သင်ခန်းစာကို ဒီဇာတ်ကားမှာမြင်ရမှာပါ"ဟု အဆိုပါ ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင်ခိုင်နှင်းဝေက ပြောပြသည်။

မြနန်းတော်ဝင် ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ရိုက်ကူးသည့် အတ္တကမ်းပါး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ရှင်မွေလ၊ ခိုင်နှင်းဝေ၊ မေမြင့်မိုရ်၊ ဝေလာရီ၊ သုန္ဒြေဦး၊ ဝင်းမင်းသန်းနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# 2048 သိပ္ပံရုပ်ရှင်ဇာတ်ကား၌ မင်းသားကြီး အန်တိုနီဟော့ကင်းပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၁၅**

2048 အမည်ရှိ သိပ္ပံလျှို့ဝှက်သည်းဖို့ဇာတ်ကား၌ နှစ်ထပ်ကွမ်းအော်စကာဆုရှင် မင်းသားကြီး အန်တိုနီဟော့ကင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

2048 ဇာတ်ကားသည် ပျက်စီးလုဆဲဆဲ ကမ္ဘာဂြိုဟ်၏ အခြေအနေကြောင့် လက်ကျန်လူသားများ မြေအောက်၌ ခိုလှုံနေထိုင်ကြရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

2048 ဇာတ်ကားတွင် အန်တိုနီဟော့ကင်းသည် ထက်မြက်သော်လည်း ညှာတာတရားကင်းမဲ့သည့် မြေအောက်ကမ္ဘာ၏ ခေါင်းဆောင်အဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

2048 အမည်ရှိ သိပ္ပံရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ တင်မိုသီဝုဒ်ဝါးဂျူနီယာက တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် 2048 ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို ထုတ်လုပ်သူများက ဆက်လက်ရွေးချယ်နေဆဲဖြစ်သည်။

မင်းသား အန်တိုနီဟော့ကင်းနှင့် ဒါရိုက်တာ တင်မိုသီဝုဒ်ဝါးဂျူနီယာတို့သည် မကြာသေးမီကမှ Eyes In The Trees အမည်ရှိ သိပ္ပံဇာတ်ကားအတွက် ပူးတွဲဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

**Ref : Russia Today**
**Trs : KKO**



# တေးသံရှင် ခင်မောင်ထူး၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၁၈ ရက်တွင် MRTV မှ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်မည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၁၅**

တေးသံရှင် ခင်မောင်ထူး၏ ရွှေအိုရောင် မြန်မာရေဒီယိုတေးသီချင်းများ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၁၈ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ တိုက်ရိုက် ထုတ်လွှင့်တင်ဆက်မည် ဖြစ်ကြောင်း တေးသံရှင် ခင်မောင်ထူးထံမှ သိရသည်။

အဆိုပါတေးသံရှင် ခင်မောင်ထူး၏ရွှေအိုရောင် မြန်မာရေဒီယိုတေးသီချင်းများ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ခင်မောင်ထူးနှင့်အတူ Friends Music Band တေးဂီတအဖွဲ့ကလည်း အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲမှာ နှစ်ပေါင်းငါးဆယ်ခြောက်ဆယ်သက်တမ်း ရှိနေပြီဖြစ်ပေမဲ့ ပရိသတ်တွေ အားပေးနေဆဲဖြစ်တဲ့ ကျွန်တော်ရဲ့သီချင်းတွေကို ဖျော်ဖြေပေးသွားမှာပါ။ ရွှေအိုရောင် မြန်မာရေဒီယိုတေးသီချင်းများဆိုတဲ့ အမည်နဲ့ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲလေးကို စက်တင်ဘာ ၁၈ ရက် သောကြာနေ့ည ၉ နာရီမှာ MRTV ကနေ Live Show ထုတ်လွှင့်မှာ ဖြစ်တဲ့အတွက် အားပေးကြပါအုံး"ဟု တေးသံရှင် ခင်မောင်ထူးက ပြောပြသည်။




တေးသံရှင် ခင်မောင်ထူး၏ ရွှေအိုရောင် မြန်မာရေဒီယိုတေး သီချင်းများအမည်ရှိ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၁၈ ရက် ည ၉ နာရီအချိန်တွင် MRTV HD ၊ ME Entertainment၊ MRTV တယ်လီဂရမ်ချယ်နယ်တို့မှလည်း ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# မာဗယ်စတူဒီယို၏ X-Men ဇာတ်ကား၌ မင်းသား အက်ဆာဂျာမင်းပါဝင်လာ

**နယူးယောက် စက်တင်ဘာ ၁၅**

မာဗယ်စတူဒီယို၏ X- Men ရုပ်ရှင်ဇာတ်ကား၌ မင်းသား အက်ဆာဂျာမင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ X- Men ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား အက်ဆာဂျာမင်းသည် Angel ဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

မင်းသား အက်ဆာဂျာမင်းသည် Prime Video ၏ Gen V စူပါဟီးရိုးဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့ဖူးသူဖြစ်သည်။

ထို့ပြင် မင်းသား အက်ဆာဂျာမင်းသည် ယခုနှစ်စပိုင်းတွင် ရုံတင်ခဲ့သော Scream-7 ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့ကြောင်း သိရသည်။

မာဗယ်စတူဒီယို၏ X- Men ဇာတ်ကားသစ်ကို Thunderbolts ဒါရိုက်တာ ဂျတ်ရှရိုင်ရာက တာဝန်ယူ ရိုက်ကူးမည်ဖြစ်သည်။

၂၀၂၈ ခုနှစ် မေ ၅ ရက်တွင် ရုံတင်ပြသမည့် X- Men ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကီဆောင်ဂျင်းနှင့် ဂျိုအာနာကာလိုတို့က ရေးသားပေးထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက အလှူငွေကျပ် ၁၅ သိန်း လာရောက်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၅**

အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီး ပူဇော်ပွဲအတွက် အနုပညာရှင် လောကသားများက အလှူငွေများကို ပါဝင်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၄ ရက်က သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက အလှူငွေကျပ် ၁၅ သိန်း လာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဥက္ကဋ္ဌ ဒါရိုက်တာ ကြည်စိုးထွန်းထံမှ သိရသည်။

၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၆ နှစ်မြောက်မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချိုရပ်ကွက် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး (ဗဟို)တွင် ကျင်းပသွားမည်ကြောင်း သိရသည်။

"ရုပ်ရှင်သက်ကြီး ပူဇော်ကန်တော့ပွဲကတော့ နှစ်စဉ် အစဉ်လာမပျက် လာမဲ့အောက်တိုဘာ ၁၃ ရက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနဲ့အတူ ကျင်းပမှာမို့ အနုပညာရှင်တွေ ပါဝင်လှူဒါန်းနေကြတာ တွေ့ရှိပါတယ်။ စက်တင်ဘာ ၁၄ ရက်က သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက အလှူငွေကျပ် ၁၅ သိန်း လာရောက်လှူဒါန်းခဲ့ပါတယ်"ဟု ဒါရိုက်တာ ကြည်စိုးထွန်းက ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပခဲ့သည့် ၁၀၅ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၈ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲတွင် သက်ကြီးရုပ်ရှင်အနုပညာရှင် ဦးရေ ၁၄၀ ကို ငွေသားအပါအဝင် စားသောက်ကုန် ပစ္စည်းများဖြင့် ကန်တော့နိုင်ခဲ့ကြောင်း သိရသည်။

ASH

# President of the Republic of the Union of Myanmar U Min Aung Hlaing addresses Union government meeting



President U Min Aung Hlaing delivers an address at the Union government meeting.

**Nay Pyi Taw September 15**

A Union government meeting of the Republic of the Union of Myanmar took place at the Union government meeting hall of the Presidential Office in Nay Pyi Taw this afternoon, addressed by President U Min Aung Hlaing.

Also present at the meeting were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, union ministers, the Nay Pyi Taw Council chair, and officials. Region/ state chief ministers attended the meeting through video conferencing.

**Take lessons from international visits and materialized them for national development**

In his keynote address, the President said recently, he and his high-level Myanmar delegation had paid State Visits to the Socialist Republic of Vietnam and Cambodia. Myanmar and Vietnam share similarities in traditional cultures, customs, beliefs, and histories of struggling for independence. Both countries have to overcome many hardships in their endeavours for development. Although Vietnam had to face the consequences of war and sanctions for many decades, it gained rapid economic development after implementing Doi Moi economic reforms for 40 years. The country has adopted two strategic development goals and is now implementing them to reach the stage of an upper-middle-income developing country with advanced industries in 2030 and a high-income developed country in 2045.

Vietnamese are enjoying continuous progress and changes because of their genuine efforts and hard work and patriotism and the spirit to improve their race amidst the hardships and sanctions. Their success is an example for Myanmar. It can be seen that internal peace and stability, unity and efforts are very helpful for national development. During the visits to the two countries, practical means to promote multi-sectorial cooperation and partnership could be identified through talks. Vietnam is striving for national economic development with industry, agriculture and livestock as the foundation.

Like Vietnam, Cambodia had to strive for national development amidst many hardships and now it is on the path to progress. The main driving force of its economy is agriculture and irrigation. The country is a rice exporter producing black pepper and cashew on economic scale for export. As Cambodia enjoys political tranquility and stability and security and peace, it can turn to development undertakings. The President said he had visited Angkor Wat Temple and Bayon Temple in the UNESCO-listed Angkor Archaeological Park and witnessed Cambodia's ability to earn a lot of foreign currency and benefits for its tourism business by systematically preserving its historical sites as tourist attractions.

During the visits, it was witnessed that the main driving force behind development is national peace and stability that ensured a peace of mind for all citizens to earn their living. In Myanmar, the governments of the successive periods have been striving to end internal armed conflicts and achieve peace since the country regained independence. However, to this day, terrorists continue to destroy key infrastructure, including the roads and bridges vital for national development, as well as sectors essential for human resource development, such as politics, education, and health. Throughout successive eras, national development undertakings failed to produce results as they were like fetching water with a leaking bucket. The nation can take it as a lesson of history.

The country and its people were not able to carry out development undertakings effectively as they were restoring the infrastructure and reproducing human resources destroyed by the terrorists. It was a devastating loss for them. Currently, the parliament and the government emerged through the general election are serving duties. The government's priority issues are national peace and stability and development. **As socioeconomic progress of the citizens depends on national development, all offspring of the Union must conscientiously work together and make a collective effort for achieving internal peace and stability and progress.** The government and the Tatmadaw always open the door and extend overtures to restore peace and stability. To ensure the success of the peace talks, all the stakeholders are required to make realistic demands while negotiating the unrealistic demands in the interest of the country. Good examples in multi sectors witnessed during the foreign visits must be adopted and adapted for national development.

Regarding land use, he emphasized the need for the systematic and productive utilization of the nation's existing land resources. He noted that Myanmar should study and emulate foreign countries that focus on agriculture and livestock, drawing lessons from how effectively they utilize their land and export their agricultural and livestock products. Rather than exporting raw materials, he stressed the importance of processing them domestically into finished goods to export high-value products to foreign markets. He added that ensuring market access and fair pricing for domestic products requires meeting quality standards, noting that export revenues can only be achieved by producing export-grade goods, thereby necessitating strong encouragement and support for production activities.

Regarding livestock breeding, he stated that systematic plans must be drawn up, calculated, and implemented in proportion to population sizes across states and regions to ensure local food self-sufficiency. He added that only when production processes improve and expand will monetary circulation enhance, thereby increasing individual incomes and driving overall national economic growth.

He stated that during his visit to Vietnam, he observed that pepper and coffee are cultivated extensively and exported, generating substantial foreign exchange earnings. He noted that because Myanmar can similarly cultivate pepper successfully, the country should pursue foreign revenue generation through pepper farming. Furthermore, he suggested that given the widespread cultivation of sunflower and sesame in Myanmar, farmers should pair these crops with beekeeping, which would provide them with an additional source of income.

**Systematic criteria and standards must be established regarding the creation of employment opportunities**

He stated that the government must create job opportunities to ensure employment for citizens, emphasizing that the primary requirement is a genuine willingness to work. He noted that systematic standards are necessary for civil service recruitment, and suitable employment opportunities must be provided according to academic achievements. He added that when job prospects, salary scales, and career advancement correspond accurately to educational attainment, parents will be encouraged to support their children's education. Furthermore, to produce the skilled and capable human resources needed for the country, relevant ministries must conduct refresher and multiplier training courses based on specialization, quality, and qualification, thereby continuously developing human resources to serve various sectors across the nation.

Following this, the Union Ministers presented and discussed matters according to their respective sectors.

In his concluding remarks, the President stated that the country currently practices a government-centered education system while implementing private education in accordance with established policies. He noted that students attending government schools come from various social strata, emphasizing that they must truly master grade-level subjects taught in basic education schools while also receiving training to enhance their general knowledge and social awareness. He stressed that teaching should not focus solely on pass rates and high academic performance, but must prioritize genuine literacy and comprehension. Furthermore, he highlighted that government schools teach not only academic subjects but also social interaction and secular ethics (Loka Niti). He concluded by calling on Chief Ministers of Regions and States to supervise and encourage efforts to ensure that students achieve genuine literacy and to foster a positive educational environment.

He stated the necessity of teaching and training students so that they truly master and become proficient in the subjects taught at universities. Universities are institutions that teach through study and practice. *See Page 13*

# Online scam/gambling operators in Namkham village, Hsipaw township, detained with paraphernalia




**Seizure of buildings and business equipment used in committing online scam and gambling operations near Namkham Village, Hsipaw Township.**




**Arrest of perpetrators involved in online scam and gambling operations near Namkham Village, Hsipaw Township.**

**Nay Pyi Taw September 15**

The government has been seriously carrying out uncovering and preventing online scam/gambling operators, who crossed into Myanmar illegally and totally jeopardized socioeconomic lives not only of people in the region but also of mankind across the world, as a national responsibility and effectively coordinating with neighboring governments to uncover, detain and take action against them.

In doing so, joint task-forces including security forces, acting on a tip-off by the responsible public that online scam/gambling operators were staying near Namkham village in Hsipaw township, Shan State (North), went there and conducted investigations, leading to the arrest of 13 online scam/gambling operators including eight male Chinese nationals, one female Chinese national, one male Myanmar national and three female Myanmar nationals in a house at about 5.45 am today together with one Type-81 firearm, 60 bullets, four magazines, 22 assorted phones, one laptop, four sets of Starlink, one 12-volt battery, two solar batteries, six solar panels (620 W ), one solar panel (420 W), one 50x30-foot brick building with a zinc coated iron roof, two 20x30-foot buildings of zinc coated iron walls and roofs and other paraphernalia.

Effective and severe action will be taken against the detainees in accordance with the law after necessary investigations and paraphernalia will be dealt with according to rules and regulations.

The government has been actively carrying out combats against online scam/gambling operations in cooperation with neighboring countries, regional countries and international organizations to eradicate online scams/gambling and to prevent their operations from establishing footholds in Myanmar.

100

---

*From Page 12*

Therefore, during the period of university education, responsible officials must closely monitor and supervise whether the prescribed courses for each academic year, the examinations to be taken, and research and papers are being carried out systematically in accordance with the stipulated requirements. In higher education, in order for students to truly become literate and proficient, not only the relevant ministries but also regional and state governments must systematically supervise and inspect the implementation. Students and young people need to learn and study their relevant subjects so as to truly master them, and they must also continuously read and study books and journals suitable for their age that will provide them with general knowledge. Therefore, the government will annually fulfill and provide the necessary requirements, including libraries and general knowledge books and journals, for basic education schools. Private schools are also being encouraged in accordance with policy, and continuous efforts must be made for the comprehensive development of government schools, for which relevant ministries must take responsibility.

Regarding health, it is necessary to plan, prepare, and produce human resources annually so that there is an adequate supply of medical treatment and healthcare personnel for hospitals at the regional, state, district, township and station hospital levels. The government is also encouraging and supporting the promotion of the private healthcare sector. The government is also fulfilling and providing for the accommodation, meals, administrative buildings and other needs of health personnel.

Regarding administration, relevant positions and duties have been assigned at the regional, state, district, and township levels. District-level responsible officials have been selected and assigned duties based on experience and seniority. Therefore, in carrying out the development of their respective regions, in order to ensure effective management and supervision, it is necessary to systematically take responsibility at the district level for administrative matters such as education, health, agriculture and livestock breeding, construction, justice, and law under a district-centered administrative system.

At present, climate change is occurring around the world. It has been observed that early warning announcements regarding El Niño have been issued, and it is necessary to pay attention and make preparations in advance. Due to extreme temperatures, groundwater levels may decline and water shortages may occur, so it is necessary to collect and store the necessary water for drinking and irrigation in advance. If necessary, underground dams should be constructed in rivers and streams to conserve groundwater, and preparations that can be made in advance should be systematically considered and carried out starting now.

In our country, the demand for electricity is still enormous. For the development of the nation and the improvement of the people's living standards, securing an adequate supply of electricity is extremely important. It is necessary to implement solar power generation projects, which are renewable energy, in each region and state.

Regarding the sports sector, in accordance with the policy that "promoting sports is protecting the nation," sports competitions are being continuously held in each region and state, and the government is fulfilling the necessary requirements for the promotion of the sports sector. December is approaching soon, and it is necessary to make preparations in advance in each region and state so that sports competitions can be held. Existing stadiums and sports grounds must also be systematically repaired, maintained and utilized in each region and state.

In conclusion, he urged to carry out the development of our country, it is essential to work together with unity and effort to ensure the stability and peace of the nation and a strong national economy. It is also necessary to continuously train and produce healthy and educated human resources. It is necessary to actually work and create job opportunities, and if everyone works together with unity and collective effort, our nation will inevitably develop and progress. The meeting then came to and., according to reports. MNA

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 36 perpetrators engaged in illegal online gambling across townships in Yangon Region arrested along with evidence





**Chart illustrating the arrests and evidence seizures of perpetrators (13 men and 23 women) engaged in illegal online gambling across townships in Yangon Region.**

**Nay Pyi Taw September 15**

Acting on tip-offs from conscientious citizens that online gambling was taking place at House No. 183, Bo Sun Pet Road, Ward 31, North Dagon Township, Yangon Region, a joint security team raided the residence on the night of August 21, 2026. Authorities arrested Aye Nyan Paing—the ringleader operating online gambling games by opening seven agent accounts across game websites including One5one, Buffalo 169, Fujiu, and Sport169—along with 5 men and 19 women, totaling 25 suspects. Seized at the scene were 3 all-in-one computers, 8 desktop computers with system units, 2 desktop computers, 12 laptops, 1 printer, 36 mobile phones, 3 tablets, and related accessories used in the online gambling operations. On August 23, his associate Sai Aung Thu (alias Pho Shan) was apprehended in Tachilek along with 2 mobile phones and 1 tablet.

Following the interrogation of the detained suspects, authorities inspected Room B6/B7 on the ground floor of Golden Team Mansion, No. 388/398 Strand Road, Sin Min Ward, Ahlon Township, on the evening of August 23. Suspect Ingyin Myaing was arrested along with 13 all-in-one computers, 16 monitors, 15 system units, 48 UPS units, and related equipment used in operating the "99 Legends Online Game." On the morning of August 25, Nang Hum Yone (alias Shan Shan, alias Ah Ma), who supervised human resources (HR) for the "99 Legends Online Game," was arrested with 1 mobile phone and 1 tablet at a residence at the corner of Bo Teza Road and Thitsar Road, Bo Tun Zan Ward, Dawbon Township. On the morning of August 28, the operation's manager, Aung Kyaw (alias AK), was arrested at No. 123/125 Botahtaung Pagoda Road, Ward 5, Botahtaung Township, along with 3 iPhones, 1 iPad, and 4 Apple MacBooks. On the evening of September 1, team leader Khine Hnin Wai (alias Ma Khine) was arrested in front of the Ward 13 Administration Office in South Okkalapa Township with 1 mobile phone.

During interrogation, Aung Kyaw (alias AK) confessed that he had managed the "99 Legends Online Game" gambling operation since around April 2025 under the direction of Pi Chief Yu (alias Jack Pi, alias JP) from China (Taipei) who remains at large. Working alongside him as staff were Khine Hnin Wai (alias Ma Khine), Nang Hum Yone (alias Shan Shan, alias Ah Ma), Ingyin Myaing, and 14 other at-large suspects (8 men and 6 women). The gambling proceeds collected by Aung Kyaw (alias AK) were transferred to the bank accounts of Pi Chief Yu (alias Jack Pi, alias JP), while win/loss ledgers were submitted via Telegram. It was further uncovered that Pi Chief Yu (alias Jack Pi, alias JP) departed for Malaysia on April 21, 2025.

Upon further interrogation of Aung Kyaw (alias AK), authorities identified Aung Zin Oo and Ye Kyaw Kyaw, who forwarded online 1D/2D/3D betting records to him. The two were arrested on the night of September 1 in Room 102, Kyansitmin Housing, Ward 8, Hlinethaya (East) Township, along with 2 mobile phones and 2 vehicles. Interrogation revealed that Naing Win Tun (alias Naing Win) of Min Paing Ward, Twantay, led, directed, and provided technical and financial backing for their online 1D/2D/3D operations with Aung Kyaw (alias AK), partnered with co-shareholder Tayzar Aung (alias Aung Aung). Efforts to apprehend them led to the arrest of Tayzar Aung (alias Aung Aung) on the evening of September 3 in Room 101, Building 20, Kyansitmin Housing, Ward 8, Hlinethaya (East) Township, along with 3 mobile phones. On the afternoon of September 8, Naing Win Tun (alias Naing Win) was arrested near Kan Yoe Village in Taungoo Township with 1 mobile phone. Two laptops and related paraphernalia used in 1D/2D/3D online gambling were subsequently seized from his residence on Maha Bandoola Road, Min Paing Ward, Twantay Township.

Based on Naing Win Tun's statement, his younger brother Kyaw Swa Win (alias Kyaw Kyaw), who ran sub-operations under him, was arrested on the night of September 8 at House No. 91, Nandawun Road, Ward 20, South Dagon Township. His accountant, San Sabai Phoo, was also arrested at her residence in South Dagon Township with 1 mobile phone and 1 laptop.

In total, 36 suspects (13 men and 23 women) engaged in illicit online gambling operations across Yangon Region were arrested along with computers, mobile phones, accessories, and 2 vehicles. Furthermore, K396.8 million in gambling proceeds held across 12 linked bank accounts have been frozen. Legal proceedings are underway against the suspects, and investigations continue to capture those still at large.





**Chart illustrating the arrest of perpetrator Aye Nyan Paing—the ringleader who operated an online game gambling operation by opening 7 agent accounts in North Dagon Township, Yangon Region—and accomplices (7 men and 19 women).**

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၁၂၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြင်းမူ စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၁၂၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် မတ်ပဲ ၂၁၂၅ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ မတ်ပဲ ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ နည်းပညာတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်သွားပါမယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် မတ်ပဲအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောက်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်မြို့နယ်တွင် ငါးပြေမများ အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ငါးပြေမများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ ယနေ့ထိ ငါးပြေမများကို ဒေသဈေးကွက်အပြင် အခြားဒေသများကပါ ဝယ်လိုအားကောင်းလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးပြေမများ တစ်ရက်လျှင် ပိဿာချိန် ၁၅၀၀ မှ ၂၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပုသိမ်မြို့နယ်က ငါးပြေမတွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ အခု စက်တင်ဘာလပထမပတ်က စတင်ပြီး ဒီနေ့ထိ ဝယ်လိုအား ကောင်းလာတာကြောင့် အရောင်းအဝယ်ကောင်းမွန်နေတာပါ။ လက်ရှိတစ်ရက်ကို ငါးပြေမ ပိဿာချိန် ၁၅၀၀ ကနေ ၂၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒီဒေသက ငါးပြေမတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ငါးပြေမတွေက ဒေသထွက်ဆိုတော့ လတ်ဆတ်မှုနဲ့ အရည်အသွေးလဲ ကောင်းပါတယ်"ဟု ပုသိမ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။



ပုသိမ်မြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေးငါးပြေမဟူ၍ နှစ်မျိုးအများဆုံးထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ပွင့်ဖြူမြို့နယ် သဲကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပွင့်ဖြူ စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ခုပ်ပင်ကျေးရွာအုပ်စု သဲကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက တက်ရောက်လာသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သဲကုန်းကျေးရွာ၌ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# နတ်တလင်းမြို့နယ် ရှမ်းစု(ဇီတော)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**နတ်တလင်း စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှမ်းစု(ဇီတော) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်ခင်သက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၆၅ ဒသမ ၅၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရှမ်းစု(ဇီတော) ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၃ ဦးကို ငွေကျပ် ၄၁ ဒသမ ၂ သန်းနှင့် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၂၄ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၅ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ရှေ့ဖုံးမှအဆက်

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံတကာ ပြည်ပခရီးစဉ်များ အတွေ့အကြုံများမှတစ်ဆင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အတုယူသင့်သည်များကို အတုယူ၍ အကောင်အထည်ဖော်ဆောင်သွားကြရန်**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့်မကြာသေးမီရက်များအတွင်းက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့်သက်ဝင်ယုံကြည်မှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများ တူညီမှုရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်ရာတွင်လည်း အခက်အခဲများစွာကို ကြုံတွေ့ကျော်ဖြတ်ခဲ့ကြရကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် စစ်ပွဲဒဏ်နှင့် အရေးယူပိတ်ဆို့ကန့်သတ်မှုများကို ဆယ်စုနှစ်ပေါင်းများစွာကြုံတွေ့ခဲ့ရသည့်ကြားမှ ဒွိုင်မွိုင်း(Doi Moi) စီးပွားရေးပြုပြင်ပြောင်းလဲမှုမူဝါဒကို နှစ်ပေါင်း ၄၀ ခန့် အကောင်အထည်ဖော်ပြီးနောက် စီးပွားရေးနှင့်ပတ်သက်၍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်ကိုတွေ့မြင်ရကြောင်း၊ ၎င်းတို့အနေဖြင့် မဟာဗျူဟာမြောက်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် နှစ်ရပ်ကိုချမှတ်ထားရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ခေတ်မီစက်မှုလုပ်ငန်းများနှင့် အထက်တန်း-အလယ်အလတ်ဝင်ငွေရှိသော ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်လာစေရန်နှင့် ၂၀၄၅ ခုနှစ်တွင် ဝင်ငွေမြင့်မားသော ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်လာစေရန် ရည်မှန်းထားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

ဗီယက်နမ်ပြည်သူများအနေဖြင့် အခက်အခဲများ၊ ပိတ်ဆို့မှုများကြားမှ နိုင်ငံချစ်စိတ်၊ အမျိုးကိုမြှင့်တင်လိုစိတ်များဖြင့် အမှန်တကယ်ကြိုးပမ်းအားထုတ် အလုပ်လုပ်ခဲ့မှုများကြောင့် တိုးတက်ပြောင်းလဲမှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်ကို မိမိတို့အနေဖြင့် အတုယူဖွယ်တွေ့မြင်ခဲ့ရကြောင်း၊ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရှိခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်းနှင့် ကြိုးစားအားထုတ်မှုရှိခြင်းတို့သည်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေသည်ကိုတွေ့မြင်ရကြောင်း၊ ယခုမိမိသွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံရေးကို လက်တွေ့ကျကျ ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် ဆွေးနွေးမှုရလဒ်ကောင်းများကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကိုအဓိကထားပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ဗီယက်နမ်နိုင်ငံကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံသည်လည်း အခက်အခဲပေါင်းများစွာကြားမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအားထုတ်ခဲ့ရပြီး ယခုအခါဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံ၍ နိုင်ငံစီးပွားရေးကိုဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်ပြီး စပါးစိုက်ပျိုး၍ ပြည်ပသို့တင်ပို့လျက်ရှိသကဲ့သို့ ငရုတ်ကောင်းနှင့် သီဟိုဠ်စေ့များကိုလည်း စီးပွားဖြစ်ထုတ်လုပ်၍ပြည်ပသို့တင်ပို့လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ယခုအခါ ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ မိမိအနေဖြင့် သမိုင်းဝင် UNESCOစာရင်းဝင် အန်ကောရေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အန်ကောဝပ်ဘုရားကျောင်းတော်နှင့်ဘေရွန်ဘုရားကျောင်းတော်သို့လည်း သွားရောက်လေ့လာကြည့်ရှုခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ရှေးဟောင်းသမိုင်းဝင်နေရာများကို စနစ်တကျထိန်းသိမ်းထားရှိပြီး ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သဖြင့် နိုင်ငံ၏ခရီးသွားလုပ်ငန်းအတွက် များစွာအကျိုးဖြစ်ထွန်းပြီး နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိခဲ့ရကြောင်း။

ခရီးစဉ်များသွားရောက်ခဲ့စဉ် ဖွံ့ဖြိုးတိုးတက်မှုရရှိခြင်း၏ အဓိကအကြောင်းရင်းသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိခြင်းပင်ဖြစ်ပြီး နိုင်ငံသူ၊နိုင်ငံသားများအားလုံး ကိုယ်စိတ်နှလုံး လုံခြုံအေးချမ်းစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးကတည်းကပင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သည့် စွမ်းရည်၊ စွမ်းအားရှိသော လူ့စွမ်းအားအရင်းအမြစ်များ၊ နိုင်ငံစီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေးအပါအဝင် လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံများကို အကြမ်းဖက်သမားများက ခေတ်အဆက်ဆက်နည်းလမ်းပေါင်းစုံဖြင့် ယနေ့ထက်တိုင် နှောင့်ယှက်ဖျက်ဆီးခဲ့ကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ခေတ်အဆက်ဆက် နိုင်ငံတည်ဆောက်ရေးတွင် "သမင်မွေးရင်း ကျားစားရင်း"ဆိုသကဲ့သို့ဖြစ်နေပြီး နိုင်ငံအတွက်ကြီးမားသည့် သမိုင်းသင်ခန်းစာတစ်ခုကဲ့သို့ဖြစ်နေရကြောင်း။

၎င်းတို့ဖျက်ဆီးခဲ့ကြသည့် အခြေခံအဆောက်အအုံများနှင့် ဆုံးရှုံးခဲ့ရသည့် လူသားအရင်းအမြစ်များကို ပြန်လည်တည်ဆောက်မွေးထုတ်နေရခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကိုထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ခြင်းမရှိသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကြီးစွာသောထိခိုက်နစ်နာ ဆုံးရှုံးနေရမှုပင်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့်လွှတ်တော်နှင့်အစိုးရတို့ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် နိုင်ငံတော်တွင် အတူတကွမှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ကိုယ်စီအသိရှိစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက်လည်း နိုင်ငံတော်အစိုးရနှင့်တပ်မတော်က အမြဲတမ်းတံခါးဖွင့် ဖိတ်ခေါ်ကြိုဆိုလျက်ရှိသဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်မှုရရှိရေးအတွက် လည်းဖြစ်နိုင်သည်များကို တောင်းဆိုခြင်း၊ မဖြစ်နိုင်သည်များကို ညှိနှိုင်းခြင်းတို့ဖြင့် နိုင်ငံ့အကျိုးကိုကြည့်၍ ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း၊ ပြည်ပခရီးစဉ်များသွားရောက်မှုများမှ ရရှိခဲ့သည့် စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့အပါအဝင် နယ်ပယ်ပေါင်းစုံမှ တွေ့မြင်လေ့လာသိရှိခဲ့ရသည့် အတွေ့အကြုံကောင်းများကို သင်ခန်းစာယူ၍ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည်များကို အတုယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြေအသုံးချမှုများနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် နိုင်ငံတော်တွင်ရှိပြီးဖြစ်သည့် မြေသယံဇာတများကို စနစ်တကျဖြင့် အမှန်တကယ်အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်ကြသည့် ပြည်ပနိုင်ငံများ၏ မြေကိုအကျိုးရှိရှိထိထိရောက်ရောက် အမှန်တကယ်အသုံးချထားကြသည်များကို အတုယူ လေ့လာဆောင်ရွက်ကြရန်လိုကြောင်း၊ ၎င်းတို့၏စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ထုတ်လုပ်တင်ပို့ရောင်းချမှုများနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အတုယူကြရမည်ဖြစ်ပြီး ကုန်ကြမ်းအတိုင်း ပြည်ပသို့တင်ပို့ရောင်းချခြင်းထက် ပြည်တွင်း၌ပင် ကုန်ချောအဖြစ်ထုတ်လုပ်၍ အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရောင်းချသွားနိုင်ကြရန်လိုကြောင်း၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးနှင့်မှန်ကန်သည့် သတ်မှတ်ဈေးနှုန်းရရှိရေးအတွက်လည်း အရည်အသွေးပြည့်မီသည့်ထုတ်ကုန်များဖြစ်ရန်လိုကြောင်း၊ ပြည်ပသို့တင်ပို့ရောင်းချနိုင်သော အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မှသာ ပြည်ပပို့ကုန်ရရှိမည်ဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသတွင်းနေထိုင်သည့် ပြည်သူများစားသုံးမှုဖူလုံစေရေး လူဦးရေအချိုးအစားနှင့်ကိုက်ညီသည့် မွေးမြူရေးထုတ်ကုန်များကို စီမံချက်များစနစ်တကျရေးဆွဲပြီး လျာထားစီမံတွက်ချက် မွေးမြူသွားကြရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ကောင်းမွန်တိုးတက်လာမှသာ ငွေကြေးလည်ပတ်စီးဆင်းမှုများကောင်းမွန်လာပြီး ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေတိုးတက်ကောင်းမွန်ကာ နိုင်ငံ၏စီးပွားရေးသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း။

ဗီယက်နမ်နိုင်ငံသို့ရောက်ရှိစဉ် ၎င်းတို့အနေဖြင့် ငရုတ်ကောင်းသီးနှံနှင့် ကော်ဖီသီးနှံကို ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးကြပြီး ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားဝင်ငွေများစွာရရှိနေသည်ကိုတွေ့မြင်ရကြောင်း၊မိမိတို့နိုင်ငံအနေဖြင့်လည်း ငရုတ်ကောင်းသီးနှံကိုအောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်သည်ဖြစ်၍ ငရုတ်ကောင်းစိုက်ပျိုးရေးမှ နိုင်ငံခြားဝင်ငွေရရှိရေးဆောင်ရွက်သွားနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင်နေကြာနှင့်နှမ်းကိုလည်းများစွာစိုက်ပျိုးကြပြီး အဆိုပါ နေကြာ၊နှမ်းစိုက်ပျိုးရေးနှင့်အတူ ပျားမွေးမြူခြင်းကို တွဲဖက်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် တောင်သူများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေပိုမိုရရှိလာစေနိုင်မည်ဖြစ်ကြောင်း။

**အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ပတ်သက်၍ စနစ်ကျနသည့် စံသတ်မှတ်ချက်များရှိရန်လို**

ပြည်သူများအလုပ်အကိုင်ရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို အစိုးရက ဖန်တီးပေးရမည်ဖြစ်ပြီး အဓိကလိုအပ်သည်မှာ အမှန်တကယ်အလုပ်လုပ်ကိုင်လိုစိတ်ရှိခြင်းပင်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းရွေးချယ်ခေါ်ယူခန့်ထားရေး၌ စနစ်ကျနသည့် စံသတ်မှတ်ချက်များရှိရန်လိုပြီး အတန်းပညာအောင်မြင်မှုများအလိုက် သင့်လျော်မှန်ကန်သည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့အတန်းပညာအလိုက် အလုပ်အကိုင်အခွင့်အလမ်းနှင့် လစာနှုန်းထားများ၊ ရာထူးအဆင့်ဆင့်တိုးမြှင့်နိုင်မှုတို့မှန်ကန်မှသာ မိဘများအနေဖြင့်လည်း မိမိတို့၏သားသမီးများအလုပ်အကိုင်အခွင့်အလမ်းရရှိမှုနှင့် ပတ်သက်၍ ပညာရေးကိုအားပေးလာကြမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် စွမ်းရည်နှင့် စွမ်းအားရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ပညာရပ်များအလိုက်၊ အရည်အသွေးနှင့် အရည်အချင်းအလိုက် မွမ်းမံသင်တန်းများ၊ ဆင့်ပွားသင်တန်းများဖွင့်လှစ်လေ့ကျင့်ပေးသွားကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံအတွက် ကဏ္ဍပေါင်းစုံတွင် လိုအပ်လျက်ရှိသည့် လူသားအရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ်အကျိုးပြုသွားနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အစိုးရဗဟိုပြုသည့် ပညာရေးစနစ်ကိုကျင့်သုံးလျက်ရှိကြောင်း၊ ပုဂ္ဂလိကပညာသင်ကြားရေးစနစ်ကိုလည်း မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရကျောင်းများ၌ တက်ရောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများသည် လူတန်းစားအလွှာမျိုးစုံမှပါဝင်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာကျောင်းများတွင်သင်ကြားပေးသည့် အတန်းလိုက်ပညာရပ်များကို အမှန်တကယ်တတ်မြောက်ရန်လိုသကဲ့သို့ အထွေထွေဗဟုသုတနှင့် လူမှုဘဝအသိပညာများ တိုးတက်ရေးအတွက်ပါ သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း၊ အောင်ချက်ရာခိုင်နှုန်းနှင့် အောင်ချက်မြင့်မားရေးကိုသာ အာရုံစိုက်၍ သင်ကြားပေးခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ်စာတတ်မြောက်ရေးကို အလေးထားသင်ကြားပေးရန်လိုကြောင်း၊ အစိုးရကျောင်းများတွင် ပညာရေးကိုသာမက ပတ်ဝန်းကျင်

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် နိုင်ငံတော်တွင် အတူတကွမှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက ကိုယ်စီအသိရှိစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ် . . .**

**ပြည်ပသို့တင်ပို့ရောင်းချနိုင်သော အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မှသာ ပြည်ပပို့ကုန်ရရှိမည်ဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ကောင်းမွန်တိုးတက်လာမှသာ ငွေကြေးလည်ပတ်စီးဆင်းမှုများ ကောင်းမွန်လာပြီး ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်ကောင်းမွန်ကာ နိုင်ငံ၏စီးပွားရေးသည်လည်း တိုးတက်လာမည်ဖြစ် . . .**

နှင့် ပေါင်းသင်းဆက်ဆံရေးများ အပါအဝင် လောကနီတိကိုပါ သင်ကြားပေးခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကလည်း ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်စေရေးနှင့် ပညာရေးပတ်ဝန်းကျင်ကောင်းဖြစ်စေရေး ဝိုင်းဝန်းကြပ်မတ်အားပေးဆောင်ရွက်သွားရန်လိုကြောင်း။

အဆင့်မြင့်ပညာ သင်ကြားရေးနှင့်ပတ်သက်၍လည်း တက္ကသိုလ်များ၌ သင်ကြားပေးလျက်ရှိသည့် ပညာရပ်များကို အမှန်တကယ်တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားလေ့ကျင့်ပေးရန် လိုကြောင်း၊ တက္ကသိုလ်များသည် လေ့လာမှုဖြင့်သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ပညာသင်ယူချိန်တွင် သတ်မှတ်ထားသည့် ပညာသင်နှစ်များအလိုက် သင်ကြားရမည့်သင်ခန်းစာများနှင့် စစ်ဆေးရမည့် စာမေးပွဲများ၊ သုတေသနနှင့် စာတမ်းများကိုသတ်မှတ်ချက်များအတိုင်း စနစ်တကျဖြင့်ဆောင်ရွက်မှု ရှိ၊ မရှိ တာဝန်ရှိသူများအနေဖြင့် မျက်ခြည်မပြတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ အဆင့်မြင့်ပညာသင်ကြားမှုများတွင် ကျောင်းသား၊ ကျောင်းသူများအမှန်တကယ်စာတတ်မြောက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း စနစ်တကျဖြင့် ကြပ်မတ်စစ်ဆေးဆောင်ရွက်နေရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် သက်ဆိုင်ရာပညာရပ်များကို အမှန်တကယ်တတ်မြောက်အောင် သင်ကြားသင်ယူရန်လိုအပ်သကဲ့သို့ ဗဟုသုတများရရှိစေမည့် မိမိတို့၏အသက်အရွယ်နှင့် ကိုက်ညီသော စာအုပ်၊ စာစောင်များကိုလည်း စဉ်ဆက်မပြတ် ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ ထို့ကြောင့်အခြေခံပညာကျောင်းများအတွက် လိုအပ်သည့် စာကြည့်တိုက်၊ ဗဟုသုတစာအုပ်၊ စာစောင်များအပါအဝင် လိုအပ်ချက်များကို နိုင်ငံတော်အစိုးရက နှစ်စဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်းများကိုလည်း မူဝါဒနှင့်အညီအားပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ယူကြရသည့် အစိုးရပညာသင်ကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံစသည်ဖြင့် ဆေးရုံများအလိုက်လိုအပ်သည့် ကုသရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများ ပြည့်စုံမှုရှိစေရေးလူသားအရင်းအမြစ်များ နှစ်စဉ်လျာထားစီမံလေ့ကျင့်မွေးထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမြှင့်တင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ နေထိုင်စားသောက်မှု၊ အုပ်ချုပ်မှုအဆောက်အအုံနှင့် လိုအပ်သည်များကိုလည်း နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အလိုက် သက်ဆိုင်ရာ ရာထူးတာဝန်များ အသီးသီးခန့်အပ် တာဝန်ပေးထားခြင်းဖြစ်ကြောင်း၊ ခရိုင်အဆင့်တာဝန်ရှိသူများကို အတွေ့အကြုံနှင့်လုပ်သက်အရ ရွေးချယ်တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ထိရောက်သည့်စီမံအုပ်ချုပ်ကွပ်ကဲမှုဖြစ်စေရေး ခရိုင်ဗဟိုပြုအုပ်ချုပ်ရေးစနစ်ဖြင့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ဆောက်လုပ်ရေး၊ တရားရေးနှင့် ဥပဒေစသည်ဖြင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ခရိုင်အဆင့်မှ စနစ်တကျတာဝန်ယူဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အယ်လ်နီညိုနှင့်ပတ်သက်၍လည်း ကြိုတင်သတိပေးထုတ်ပြန်ချက်များ ထုတ်ပြန်ထားသည်ကိုတွေ့ရှိရပြီး ဂရုပြုကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်လိုကြောင်း၊ အပူချိန်လွန်ကဲမှုကြောင့် မြေအောက်ရေလျော့နည်းကျဆင်းမှုများနှင့် ရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေများအတွက် လိုအပ်သည့်ရေများကို ကြိုတင်စုဆောင်းထားရှိရန်လိုကြောင်း၊ လိုအပ်ပါက မြစ်ချောင်းများတွင် မြေအောက်တမံများပြုလုပ်ပြီး မြေအောက်ရေကို ထိန်းသိမ်းသွားကြရန်နှင့် ကြိုတင်ပြင်ဆင်၍ရသည်များကို ယခုကတည်းကစနစ်တကျဖြင့် စဉ်းစားပြင်ဆင်ဆောင်ရွက်ထားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကြီးမားနေဆဲဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏လူနေမှု အဆင့်အတန်းမြင့်မားစေရေးအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးသည် အလွန်ပင်အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားကဏ္ဍနှင့်ပတ်သက်၍ “အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်” ဆိုသည့် မူဝါဒနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပလျက်ရှိသကဲ့သို့ အားကစားကဏ္ဍမြှင့်တင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာမီ ဒီဇင်ဘာလသို့ရောက်ရှိတော့မည်ဖြစ်ပြီး အားကစားပြိုင်ပွဲများကျင်းပနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် ရှိပြီးဖြစ်သည့် အားကစားကွင်းများကိုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စနစ်တကျပြင်ဆင်ထိန်းသိမ်းအသုံးပြုဆောင်ရွက်သွားကြရန်လိုကြောင်း။

အချုပ်အားဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာတွင် အဓိကအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး နိုင်ငံစီးပွားရေးအားကောင်းရန် အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်လူသားအရင်းအမြစ်များစဉ်ဆက်မပြတ်လေ့ကျင့် မွေးထုတ်အသုံးပြုသွားနိုင်ရန်လည်း လိုအပ်ကြောင်း၊ အမှန်တကယ် အလုပ်လုပ်ကိုင်ကြရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး အားလုံးက အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြမည်ဆိုပါက မိမိတို့နိုင်ငံတော်ကြီး မလွဲမသွေဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

## ❑ ညောင်တုန်းကျွန်းတာမှ

ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာအိပ့်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာကို ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ တာမိုင်(၁၁/၆+၆၀၀')မှ (၁၁/၆ + ၆၅၀')အတွင်း Steel Cable Groyne (သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်း) ဆောင်ရွက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် Porcupine ချထားခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့်အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက်ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်း စီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့်



ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ခုနှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နွံ့န်းများ၊ အမှိုက်များကို ယနေ့တွင် နယ်မြေခံတပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ပရဟိတအသင်းအဖွဲ့များနှင့်ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုတားဆီးကာကွယ်ရေးနှင့် ငဝန်ပန်းတာရေဝင်ရောက်မှု ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် (၁/၂၀၂၆)ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် စဝ်အောင်တိန်းနှင့် စဝ်လံတိုင်း၊ ဗဟိုဦးစီးကော်မတီဝင်များဖြစ်ကြသည့် စဝ်စိုင်းဟန်၊ စဝ်ယွက်ခမ်း၊ စဝ်စိုင်းလျဲန်း၊ နန်းမိုးမိုးစောနှင့် ဗဟိုကော်မတီဝင် နန်းဟန်လောဝ်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် အဓိကလိုအပ်ချက်မှာ စီးပွားရေးဖြစ်ကြောင်း၊ စီးပွားရေးဖော်ဆောင်ရန်မှာလည်း ငြိမ်းချမ်းရေးသည် အဓိကဖြစ်ကြောင်း၊ ညှိနှိုင်းရေးကော်မတီအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အားလုံးကို ကြိုတင်ကန့်သတ်ချက်များမထားဘဲ တစ်ပြေးညီဖိတ်ခေါ်ခဲ့ပြီး ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးခဲ့ကြောင်း၊ ဆက်လက်ပြီးလည်း ဆွေးနွေးညှိနှိုင်းမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်သဘောတူညီခဲ့သည့် အပိုင်းများကို လိုက်နာဆောင်ရွက်ပြီး ရှေ့ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နည်းလမ်းများကို ဆွေးနွေးပေးစေလိုကြောင်း၊ ယခင်ချုပ်ဆိုခဲ့သော စာချုပ်များကို လေးစားလိုက်နာပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ယုံကြည်မှုတည်ဆောက်နိုင်မှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ်ထိတွေ့ပြီး ရှေ့ဆက်နိုင်မည်ဖြစ်၍ နည်းလမ်းမျိုးစုံနှင့် ဆက်သွယ် ဆောင်ရွက်စေလိုပါကြောင်း၊ နှစ်ဖက် အပြန်အလှန်ထိတွေ့ဆက်ဆံ ဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်ယုံကြည်မှုလည်း တိုးလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းက အစိုးရသစ်ဖွဲ့ပြီးနောက်ပိုင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ကျင်းပနိုင်ရေး ရည်ရွယ်ပြီး ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရန် တရားဝင်ဖိတ်ခေါ်ခြင်းကို ကြိုဆိုပါကြောင်း၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံမှုများသည် ဆွေးနွေးခြင်းလုပ်ငန်းစဉ်တိုးတက်မှုကို ပြသရာရောက်ခြင်းဖြစ်သကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းကို အလေးထားခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် ယုံကြည်မှုသည် အလွန်အရေးကြီးကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်နေစဉ်ကာလအတွင်း ပြည်သူများနေရပ်ပြန်လာစေရေးနှင့် ပြန်လည်ထူထောင်ရေးအစီအမံများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနေကြောင်း၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးတို့ကို ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယနေ့ဆွေးနွေးပွဲမှ ရလဒ်ကောင်းများရမည်ကို ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အဖွဲ့အစည်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရေး၊ ပဋိပက္ခကြောင့် ရွှေ့ပြောင်းနေထိုင်ခဲ့ရသည့် ပြည်သူများ နေရပ်ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ဒေသခံပြည်သူလူထုအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားနှင့် ဒေသဖွံ့ဖြိုးရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်ဖက် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ယုံကြည်မှု ပြန်လည်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးတို့အတွက် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး မှတ်တမ်းကို လက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၁၅-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၀ ~ ၃၆၇၀ | ၅၁၇ ~ ၅၁၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၁၅၅,၇၅၆.၇၃ | ၄,၁၉၉,၇၅၅.၁၁ | ၄,၄၄၉,၃၁၂.၁၇ | - |

## ထူးခြားသည့် နေ့အပူချိန်များ

(၁၅ - ၉ - ၂၀၂၆)

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မော်လိုက် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်နှင့်ပတ်သက်၍ အသိပေးခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ကမွေးဖွားလာသော အသက်နှစ်နှစ်အောက်ကလေးသူငယ်များ ငွေကြေးထောက်ပံ့ခြင်း(MCCT)အစီအစဉ်ကို တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက် ထောက်ပံ့ကြေးပေးရန် စာရင်းကောက်ယူမည့်အချိန်မတိုင်မီ MCCT အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိနိုင်ရန် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်များနှင့် နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် **“MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ စာရင်းပေးသွင်းနိုင်ပါကြောင်း”** နှိုးဆော်ခဲ့သည်။

ယခုအခါ MCCT အစီအစဉ်၏နာမည်ကို အလွဲသုံးစားပြု၍ Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ ပေါ်ပေါက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် MCCT အစီအစဉ်တွင် အကျုံးဝင်သူများ၏စာရင်းကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ကောက်ယူခြင်းကိုသာဆောင်ရွက်လျက်ရှိပြီး Online မှတစ်ဆင့် စာရင်းကောက်ယူခြင်း လုံးဝ(လုံးဝ)မပြုလုပ်ပါကြောင်း၊ အကျိုးခံစားသူစာရင်းသွင်းရန် လျှောက်ထားပုံစံ(Registration Form)များနှင့်စပ်လျဉ်း၍လည်း ငွေကြေးတစ်စုံတစ်ရာကောက်ခံခြင်း မရှိပါကြောင်းနှင့် လက်ရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကျိုးခံစားခွင့်ရှိသူများစာရင်းကောက်ခံခြင်းအဆင့်ပြီးဆုံးပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# သီတဂူဆရာတော်ကြီးက ရေဘေးကြုံတွေ့ခဲ့သည့် နီပေါနိုင်ငံသားများကို အမေရိကန်ဒေါ်လာ တစ်သောင်းလှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၁၅**

နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယသာသနာပိုင် သီတဂူဆရာတော်ကြီးသည် နီပေါနိုင်ငံ၌ ရေဘေးကြုံတွေ့ခဲ့သည့် နီပေါနိုင်ငံသားများအတွက် အမေရိကန်ဒေါ်လာ တစ်သောင်း လှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)တွင်ကျင်းပခဲ့ပြီး သီတဂူဆရာတော်ကြီးက ၂၀၂၆ ခုနှစ် ဩဂုတ် ၂၆ ရက်က နီပေါနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် အိုးအိမ်များပျက်စီးဆုံးရှုံးခဲ့ရသည့် နီပေါနိုင်ငံသားများကို ကူညီထောက်ပံ့နိုင်စေခြင်း အကျိုးငှာ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းမိန့်ကြားခဲ့သည်။

ယင်းနောက် သီတဂူဆရာတော်ကြီးက အမေရိကန်ဒေါ်လာ တစ်သောင်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးက လက်ခံရယူခဲ့ပြီး သံအမတ်ကြီးက မိတ်ဖက်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအစိုးရ၏ ကရုဏာထားလှူဒါန်းမှုများလည်းရှိပါကြောင်း၊ ယင်းအတွက်လည်း ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ဆရာတော်ကြီးကလည်း ယခုကဲ့သို့ မေတ္တာကရုဏာထားပြီး စောင့်ရှောက်လှူဒါန်းမှု ပြုလုပ်ပေးသည့်အတွက်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း ပြန်လည်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❖ ဖလမ်းမြို့မှ**

B2B Satellite Terminal တပ်ဆင်ထားပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့စီးပွားရေးဘဏ်တွင် B2B Satellite Terminal တပ်ဆင်ထားရှိမှု၊ ဆိုလာမီးတပ်ဆင်ထားရှိမှု၊ အဆောက်အအုံပြုပြင်ပြီးစီးမှုတို့ကို ယမန်နေ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ချင်းပြည်နယ် သယံဇာတဝန်ကြီး၊ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ရုံး အဆောက်အအုံ၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး အဆောက်အအုံ၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ အရာရှိနေအိမ်များ တစ်စိတ်တစ်ပိုင်းပြုပြင်နေမှု၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း တစ်စိတ်တစ်ပိုင်း ပြုပြင်ပြီးစီးမှု၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၄၀၀ ကျော် အေးချမ်းစွာပညာသင်ကြားနေမှု၊ ပြည်သူများ အပန်းဖြေလည်ပတ်နိုင်ရန် လွတ်လပ်ရေးကျောက်တိုင်နှင့် View Point ပြုပြင်ဆောင်ရွက်နိုင်ရေးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာနရုံးအဆောက်အအုံများနှင့် အိမ်ရာများ ပြုပြင်နေမှု၊ ခရိုင်တိုင်းရင်းဆေးကုဌာနရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာပြုပြင်နေမှု၊ ဖလမ်းမြို့မရဲစခန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် အိမ်ရာများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးပြုပြင်နေမှု၊ ဆိုလာမီးတပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ခန်းမ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ဒေသခံကုမ္ပဏီများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးသည်။

အကြမ်းဖက် ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် ဖလမ်းခရိုင် ဌာနဆိုင်ရာအဆောက်အအုံ ၂၀၈ လုံးကို ဒုတိယဝန်ကြီးများဦးဆောင်ပြီး ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဒေသခံကုမ္ပဏီ ၁၂၁ ခုတို့က ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**● ကျန်းမာရေးစောင့်ရှောက်မှုမှ**

ထို့ပြင် အသက် ငါးနှစ်အောက်ကလေး ၉၆ ဦးကို ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်း၊ ကလေး ၁၂၈ ဦးကို Vitamin A တိုက်ကျွေးပေးခြင်း၊ ဒေသခံပြည်သူ ၂၃၄ ဦးကို ကျန်းမာရေးအသိပညာပေးပြီး ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်း၊ အိပ်(ချ်)အိုင်ဗွီ၊ကာလသားရောဂါ၊ အသည်းရောင် အသားဝါ ဘီ၊စီ ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ ရှိ၊ မရှိ သွေးစစ်ဆေးပေးခြင်းနှင့် တီဘီရောဂါ ရှိ၊မရှိ ဓာတ်မှန်ရိုက်စစ်ဆေး၍ လိုအပ်သောကုသပေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

**❍ မိုးထစ်ချုန်းရွာမည်မှ**

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

**☆ ကျောဖုံးမှအဆက်**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် ဇူလိုင် ၆ ရက်မှ အောက်တိုဘာ ၂ ရက်ထိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် (နည်းပြ/နည်းစနစ်) မွမ်းမံသင်တန်း (၁/၂၀၂၆)တွင် (လက်ဝှေ့)Boxing အားကစားနည်းသင်ခန်းစာသင်ကြားပို့ချပြသနေမှုကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် ဘတ်စကက်ဘောရုံနှင့် ဘော်လီဘောရုံ နှစ်ထပ် Sunshade နေကာအမိုး တပ်ဆင်ခြင်းလုပ်ငန်း၊ အများသုံးသန့်စင်ခန်းအတွက် ရေဂါလန် ၁၆၀၀ ဆံ့ သံရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ စတိုခန်း၊ အိပ်ဆောင် ငါးဆောင်၊ စားရိပ်သာတို့အတွက် ရေဂါလန်သုံးသောင်း၊ ခြောက်လက်မ အဝီစိတွင်းတူးဖော်နေမှု၊ အားကစားနှင့်ကာယပညာဦးစီးဌာနရုံး(မှန်ဆောင်) ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ တိုက်ကွမ်ဒိုနှင့် ကျွမ်းဘားအားကစားရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်ရိပ်သာဝင်းရှိ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်သို့ သွားရောက်၍ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ၅၈ ကြိမ်မြောက် ကာယဗလနှင့်ကာယကြံ့ခိုင်မှု တံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားသမားများ၏လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးစကားပြောကြားကာ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ၏တင်ပြချက်များနှင့် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“တော်လှန်ရေးအကြောင်းပြ လက်နက်ကိုင်ခြိမ်းခြောက်၍ အပြစ်မဲ့ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်း၊ သံဃာတော်တွေကို ဆက်ကြေးကောက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ ငွေညှစ်၊ လုယက်သတ်ဖြတ်နေသည့် အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ၁၆-၉-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၃-၉-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီ တွင် **“အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် များစွာအထောက်အကူပြုတဲ့ ပို့ဆောင်ရေးလမ်းကြောင်းများကို ပစ်မှတ်ထားဖောက်ခွဲဖျက်ဆီးနေတဲ့ အကြမ်းဖက် PDF သမားများ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ










ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၅**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဥတ္တရသီရိမြို့နယ် တပ်ကုန်းမြို့ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (MRTV)နှင့် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲကြားသိခဲ့ရပါတယ်-

"တပ်မတော် စစ်သမိုင်းပြတိုက်ကို လာရောက် လေ့လာရတဲ့အခါမှာ ကျောင်းသားတွေရဲ့ သင်ခန်းစာတွေက စာတွေ့ပဲဖြစ်နေရာကနေ အခုလက်တွေ့ သမိုင်းထဲက ပုဂ္ဂိုလ်တွေအကြောင်း၊ လက်နက်တွေ၊ တိုက်ပွဲဝင်ခဲ့တဲ့ ခုနှစ်သက္ကရာဇ်တွေ၊ သူရဲကောင်းတွေ၊ အာဇာ



နည်တွေအကြောင်းကို သိရတဲ့အခါမှာ စာတွေ့နဲ့လက်တွေ့တွဲပြီးတော့ သိရတဲ့အတွက် သင်ကြားမှုမှာ အထောက်အကူ အများကြီးဖြစ်ပါတယ်။ တပ်မတော် စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရတဲ့အတွက် ကျောင်းသား၊ ကျောင်းသူတွေ အနေနဲ့လဲ အများကြီးအကျိုးရှိသလို ဆရာ၊ ဆရာမတွေအတွက်လဲ သင်ကြားမှုမှာ အထောက်အကူဖြစ်စေပါတယ်။ တပ်မတော် စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာဖို့စီစဉ်ပေးတဲ့ တာဝန်ရှိ လူကြီးတွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

"သမီးကတော့ တပ်ကုန်းမြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(MRTV)မှာ ပညာသင်ကြားနေပါတယ်။ သမီးတို့ ဒီကို လာရောက် လေ့လာရတဲ့အတွက် တပ်မတော်ရဲ့ သမိုင်းကြောင်းတွေကိုလဲ အများကြီးသိရှိရပါတယ်။ ဗဟုသုတတွေလဲအများကြီးရပါတယ်။ သမီးတို့ပြင်ပမှာ မသိခဲ့ရတဲ့ အရာမှန်သမျှကိုလဲ ဒီထဲမှာ သိရတဲ့အတွက် အများကြီးဗဟုသုတရပါတယ်။ သမီးတို့ ပထမဆုံးစလာတဲ့ အခါမှာဆိုရင် တပ်မတော်လေတပ်ကနေ စတင်ပြီးတော့ လေ့လာခဲ့ပါတယ်။ အဲ့ဒီမှာဆိုရင် တပ်မတော်မှာ အရင်ကတည်းက အသုံးပြုခဲ့တဲ့ လေယာဉ်တွေ၊ သူရဲကောင်းတွေကို သိရှိခဲ့ရပါတယ်။ နောက်ပြီးတော့ တပ်မတော်(ရေ)ဘက်ကိုလာတော့လဲ တပ်မတော်(ရေ)မှာ အသုံးပြုခဲ့တဲ့ သင်္ဘောတွေနဲ့ တပ်မတော်ရေတပ်က ရေသူရဲကောင်းတွေကိုလဲ သိရှိခဲ့ရပါတယ်။ တပ်မတော်(ကြည်း)ဘက်ကို လေ့လာခဲ့တဲ့အခါမှာဆိုရင်လဲ တပ်မတော်(ကြည်း)ဘက်က အကြီးအကဲတွေနဲ့ တပ်မတော်(ကြည်း)ဘက်က စစ်သမိုင်းကြောင်းတွေ၊ အဲ့ဒီမှာရှိခဲ့တဲ့ ထူးချွန်တဲ့သူတွေရဲ့ ဘွဲ့တံဆိပ်အကုန်လုံးကို သိရှိခဲ့ရ



ပါတယ်။ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာဖို့အတွက် အဘက်ဘက်ကနေ ကူညီပေးခဲ့တဲ့လူကြီးတွေ အကုန်လုံးကိုလဲ ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ (၅၀၁)

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန







# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လာရောက်လှူဒါန်း



**ပုသိမ် စက်တင်ဘာ ၁၅**

ရောဝတီတိုင်းဒေသကြီး အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် i Green Development and Engineering Group က အလှူငွေကျပ် သိန်းတစ်ရာ့သုံးဆယ်၊ ဦးအောင်တင်စိုး + ဒေါ်ချစ်စုဝင်းတို့က အလှူငွေကျပ် သိန်းခုနစ်ဆယ်၊ Shwe Wah Nadi Agriculture Co.,Ltd က အလှူငွေကျပ် သိန်းငါးရာတို့ကို ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့အတူ ယမန်နေ့နံနက်ပိုင်းကလည်း Supreme Trading Co.,Ltd က အလှူငွေကျပ် တစ်ရာသုံးဆယ့်ငါးသိန်း၊ ဦးထွန်းကြည် + ဒေါ်ဟောင်လင်လန့်(ဘက်စုံမွေးမြူရေး)က အလှူငွေကျပ် သိန်းသုံးဆယ်နှင့် ဘဲဥအလုံး ၅၀၀၀၊ မြန်မာပြည်ဖွား တရုတ်မျိုးနွယ်လူမှုကူညီရေးအဖွဲ့က ငွေကျပ်နှစ်ထောင်ခြောက်ရာ လေးဆယ့်ခြောက်သိန်းခုနစ်သောင်းငါးထောင်တန်ဖိုးရှိ ဆန်၊ ဆီ၊ ပဲ၊ ဆား၊ တာပေါ်လင်မိုးကာများကို ဟင်္သာတမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဧည့်ရိပ်သာတွင် လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါ်အေးသီတာမျိုး | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) ဦးသက်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၃) ဦးလှိုင်ဝင်းမောင် | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |

# ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း သာယာကုန်း-ရေကျော်လမ်း လေးဖာလုံကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၅**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း သာယာကုန်း-ရေကျော်လမ်း လေးဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကော့ကဒါ-ကော့မရိုး-တမံဦး ကျေးရွာချင်းဆက်လမ်း ၂ မိုင် ၄ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ တောင်ဝိုင်းတောင်ပတ်လမ်း ၁ မိုင် ၄ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ယမန်နေ့မွန်းလွဲပိုင်းက ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးဝင်းနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ဒေသခံပြည်သူများကို ရှင်းလင်းပြောကြားသည်။



ယနေ့မွန်းလွဲပိုင်းတွင် ဘားအံမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းတွင် ဝန်ထမ်းများ၊ သင်တန်းသားများနှင့် တွေ့ဆုံ၍ ချီးမြှင့်ငွေများ ပေးအပ်ကာ သင်တန်းသားများ ဘာသာရပ်အလိုက်လက်တွေ့လေ့ကျင့်သင်ကြားနေမှုများနှင့် ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သင်တန်းသူများကို တွေ့ဆုံမှာကြား၍ ချီးမြှင့်ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်းတွင် သင်တန်းသူများ လက်တွေ့သင်ကြားလေ့ကျင့်နေမှုများ၊ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာကြည့်တိုက်၊ သင်တန်းခန်းမများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**✱ သီပေါမြို့နယ်မှ**

အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်ခမ်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများနေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါ နေရာသို့သွားရောက်၍ စုံစမ်းရှာဖွေ ဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ရှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၃ ဦးတို့ကို Type-81 သေနတ် တစ်လက်၊ ကျည် အတောင့် ၆၀၊ ကျည်အိမ် လေးခု၊ ဖုန်းမျိုးစုံ ၂၂ လုံး၊ Laptop တစ်လုံး၊ Starlink လေးစုံ၊ 12 V Battery တစ်လုံး၊ Solar Battery နှစ်လုံး၊ Solar (620 W) ခြောက်ချပ်၊ Solar (420 W) တစ်ချပ်၊ အုတ်ကာသွပ်မိုး အလျား ပေ ၅၀၊ အနံ ပေ ၃၀ အဆောက်အအုံ တစ်လုံး၊ သွပ်ကာသွပ်မိုး အလျား ပေ ၃၀၊ အနံ ပေ ၂၀ အဆောက်အအုံ နှစ်လုံးနှင့် အခြားလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။




ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာပြမြေပုံ။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)





သီပေါမြို့နယ် နမ့်ခမ်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား လေးဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား လေးဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင် နိုင်ငံသား နှစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား လေးဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Case Officer and Interpreter Ms. Maria Alexandra G.Contreras နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ Administrative and Technical Staff Mr. Mohammad Din Islam နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၂၆၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၃၇ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ဦးရေ ၆၄၀ ရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၆၉၇ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

◆ ဖော်ထုတ်ဖမ်းဆီးရမိမှု

ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ဩဂုတ် ၂၃ ရက်တွင် အေးညာဏ်ပိုင်နှင့် ပူးတွဲလုပ်ကိုင်သူ စိုင်းအောင်သူ ခေါ် ဖိုးရှမ်းကို တာချီလိတ်မြို့၌ လက်ကိုင်ဖုန်း နှစ်လုံး၊ Tablet တစ်လုံးဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဩဂုတ် ၂၃ ရက် ညနေပိုင်းတွင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကမ်းနားလမ်း အမှတ်(၃၈၈/၃၉၈) Golden Team Mansion အိမ်ရာ မြေညီထပ်ရှိ အခန်းအမှတ်(B6/B7)ကို ဝင်ရောက်စစ်ဆေးခဲ့ရာ တရားခံ အင်ကြင်းမြိုင်အား"99 Legends Online Game'' လောင်းကစားရာတွင်အသုံးပြုသော All in One Computer ၁၃ လုံး၊ Monitor ၁၆ လုံး၊ System Box ၁၅ လုံး၊ UPS ၄၈ လုံးနှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် ''99 Legends Online Game''၏ HR အဖြစ် ကြီးကြပ်လုပ်ကိုင်သူ နန်းဟွမ်ယုန်း ခေါ် ရှန်းရှန်း ခေါ် အစ်မကို ဒေါပုံမြို့နယ် ဗိုလ်ထွန်းဖဲရပ်ကွက် ဗိုလ်တေဇလမ်းနှင့် သစ္စာလမ်းထောင့်ရှိ နေအိမ်၌ လက်ကိုင်ဖုန်း တစ်လုံးနှင့် Tablet တစ်လုံးဖြင့်လည်းကောင်း၊ ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် စီမံခန့်ခွဲလုပ်ကိုင်သူ အောင်ကျော် ခေါ် AK ကို ဗိုလ်တထောင်မြို့နယ် (၅)ရပ်ကွက် ဗိုလ်တထောင်ဘုရားလမ်း အမှတ်(၁၂၃/၁၂၅)၌ iPhone သုံးလုံး၊ iPad တစ်လုံး၊ Apple MacBook လေးလုံးတို့ဖြင့်လည်းကောင်း၊စက်တင်ဘာ ၁ ရက် ညနေပိုင်းတွင် Leader အဖြစ်လုပ်ကိုင်သူ ခိုင်နှင်းဝေ ခေါ် မခိုင်ကို တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ လက်ကိုင်ဖုန်း တစ်လုံးဖြင့်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။


ဖမ်းဆီးရမိတရားခံ အောင်ကျော် ခေါ် AK ကို စစ်ဆေးရာ ၎င်းသည် ၂၀၂၅ ခုနှစ် ဧပြီလခန့်မှစတင်၍ ''99 Legends Online Game'' လောင်းကစားလုပ်ငန်းကို ဖမ်းဆီးရန်ကျန်တရားခံဖြစ်သူ တရုတ်(တိုင်ပေ)မှ PI CHIEF YU ခေါ် Jack Pi ခေါ် JP ၏ စေခိုင်းမှုဖြင့်စတင်၍ စီမံခန့်ခွဲလုပ်ကိုင်ခဲ့ကြောင်း၊ ၎င်းနှင့်အတူ ခိုင်နှင်းဝေ ခေါ် မခိုင်၊ နန်းဟွမ်ယုန်း ခေါ် ရှန်းရှန်း ခေါ် အစ်မ၊ အင်ကြင်းမြိုင်နှင့် ဖမ်းဆီးရန်ကျန်တရားခံ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ခြောက်ဦးတို့က ဝန်ထမ်းများအဖြစ် ပူးပေါင်းပါဝင်လုပ်ကိုင်ခဲ့ကြပြီး အောင်ကျော် ခေါ် AK ကရရှိသည့် လောင်းကြေးငွေများကို တရုတ်(တိုင်ပေ)မှ PI CHIEF YU ခေါ် Jack Pi ခေါ် JP ၏ Bank အကောင့်များသို့ လွှဲပြောင်းပေးပို့ရပြီး လောင်းကြေးအနိုင်အရှုံးစာရင်းများကို Telegram မှတစ်ဆင့် ပေးပို့ရကြောင်း၊ ၎င်းတရုတ် (တိုင်ပေ)မှ PI CHIEF YU ခေါ် Jack Pi ခေါ် JP သည် ၂၀၂၅ ခုနှစ် ဧပြီ ၂၁ ရက်တွင် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အောင်ကျော် ခေါ် AK ကို ဆက်လက်စစ်ဆေးချက်အရ ၎င်းထံသို့ Online 1D/2D/3D လောင်းကြေးစာရင်းများပေးပို့ခဲ့သူ အောင်ဇင်ဦးနှင့် ရဲကျော်ကျော်တို့ နှစ်ဦးကို စက်တင်ဘာ ၁ ရက် ညပိုင်းတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက် ကျန်စစ်မင်းအိမ်ရာ အခန်းအမှတ်(၁၀၂)၌ လက်ကိုင်ဖုန်း နှစ်လုံး၊ မော်တော်ယာဉ်နှစ်စီးတို့ဖြင့် ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦးကို စစ်ဆေးချက်အရ ယင်းတို့ကို Online 1D/2D/3D လောင်းကစားလုပ်ငန်းများကို အောင်ကျော် ခေါ် AK နှင့် ဆက်သွယ်လုပ်ကိုင်ရာတွင် ဦးဆောင်စေခိုင်း၍ နည်းပညာနှင့် ငွေကြေးထောက်ပံ့ပေးသူမှာ တွံတေးမြို့ မင်းပိုင်းရပ်ကွက်နေ နိုင်ဝင်းထွန်း ခေါ် နိုင်ဝင်းဖြစ်ကြောင်း၊ နိုင်ဝင်းထွန်း ခေါ် နိုင်ဝင်းနှင့်အတူ ရှယ်ယာထည့်ဝင်လုပ်ကိုင်သူမှာ တေဇာအောင် ခေါ် အောင်အောင်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့နှစ်ဦးကို ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၃ ရက် ညနေပိုင်းတွင် တေဇာအောင် ခေါ် အောင်အောင်ကို လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၈)ရပ်ကွက် ကျန်စစ်မင်းအိမ်ရာ တိုက်(၂၀) အခန်းအမှတ်(၁၀၁)၌ လက်ကိုင်ဖုန်း သုံးလုံးဖြင့်လည်းကောင်း၊ စက်တင်ဘာ ၈ ရက် နေ့လယ်ပိုင်းတွင် နိုင်ဝင်းထွန်း ခေါ် နိုင်ဝင်းကို တောင်ငူမြို့နယ် ကန်ရိုးကျေးရွာအနီးတွင် လက်ကိုင်ဖုန်း တစ်လုံးနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက် မဟာဗန္ဓုလလမ်းရှိ နိုင်ဝင်းထွန်း ခေါ် နိုင်ဝင်း၏နေအိမ်မှ Online 1D/2D/3D လောင်းကစားရာတွင် အသုံးပြုသည့် Laptop နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိခဲ့သည်။


ဖမ်းဆီးရမိသူ နိုင်ဝင်းထွန်း ခေါ် နိုင်ဝင်း၏ထွက်ဆိုချက်အရ စက်တင်ဘာ ၈ ရက် ညပိုင်းတွင် Online 1D/2D/3D လုပ်ငန်းများကို ၎င်းမှတစ်ဆင့် လက်ခွဲလုပ်ကိုင်သည့် ၎င်း၏ညီဖြစ်သူ ကျော်စွာဝင်း ခေါ် ကျော်ကျော်ကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၀)ရပ်ကွက် နန္ဒဝန်လမ်းရှိ အိမ်အမှတ်(၉၁)၌လည်းကောင်း၊ ၎င်း၏စာရင်းကိုင်ဖြစ်သူ စန်းစပွာယ်ဖူးကို လက်ကိုင်ဖုန်း တစ်လုံး၊ Laptop တစ်လုံးတို့နှင့်အတူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ၎င်း၏နေအိမ်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း Online အသုံးပြု၍ လောင်းကစားလုပ်ငန်းလုပ်ကိုင်သူ ဖမ်းဆီးရမိတရားခံ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၆ ဦးတို့ကို တရားမဝင် Online လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ရာတွင်အသုံးပြုသည့် ကွန်ပျူတာ၊ လက်ကိုင်ဖုန်း၊ ဆက်စပ်ပစ္စည်းများ၊ မော်တော်ယာဉ်နှစ်စီးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အသုံးပြုလျက်ရှိသည့် Bank Account ၁၂ ခုမှ Online လောင်းကစားပြုလုပ်၍ ရရှိထားသည့် ငွေကျပ် ၃၉၆၈ သိန်းကို ထိန်းချုပ်ထားရှိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် ဖမ်းဆီးရန်ကျန် တရားခံများ ဆက်လက်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် Agent Account ခုနစ်ခု ဖွင့်လှစ်၍ Online ဂိမ်းလောင်းကစားလုပ်ငန်းအား ဦးဆောင်လုပ်ကိုင်သူ တရားခံ အေးညာဏ်ပိုင်ပါ တရားခံ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၁၉ ဦးတို့အား ဖမ်းဆီးရမိမှုအခြေပြဇယား။




ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များတွင် တရားမဝင် Online လောင်းကစားလုပ်ကိုင်သူ တရားခံ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၃ ဦးတို့ကို သက်သေခံပစ္စည်းနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုအခြေပြဇယား။



# ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ကျောင်းသူကလေးငယ်တစ်ဦးကို သတ်ဖြတ်၍ ရွှေနားကွင်းလုယက်ယူဆောင်သူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၅

ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ကျောင်းသူကလေးငယ်တစ်ဦးကိုသတ်ဖြတ်၍ ရွှေနားကွင်း လုယက်ယူဆောင်သူ စန်းနိုင် ၅၅ နှစ်ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် မအူပင်မြို့နယ် ပန်းတောကျေးရွာနေ Grade-5 ကျောင်းသူဖြစ်သူ မဆောင်းနှင်းဖြူ ၁၁ နှစ်သည် တစ်ရွာတည်းနေ ဆရာမဖြစ်သူ၏ နေအိမ်သို့ ကျူရှင်တက်ရန် ထွက်ခွာသွားရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် မိသားစုဝင်များက လိုက်လံရှာဖွေခဲ့ရာ ပန်းတောကျေးရွာ လမ်းဘေးရှိ ဝါးရုံပင်အောက်၌ မဆောင်းနှင်းဖြူကို လည်ပင်းတွင်အဝတ်စဖြင့် ချည်နှောင်လျက် သေဆုံးနေသည်ကိုတွေ့ရှိခဲ့သဖြင့် ဖခင်ဖြစ်သူ ဦးဝင်းဖြိုးအောင်က ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်အရေးယူပေးပါရန် တာလပေါနယ်မြေရဲစခန်း၌ တိုင်တန်းအမှုဖွင့်ခဲ့သည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူ ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မအူပင်မြို့နယ် ပန်းတောကျေးရွာနေ စန်းနိုင် ၅၅ နှစ်ကို ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ စက်တင်ဘာ ၁၃ ရက် ညနေ ၆ နာရီတွင် ပြစ်မှုကျူးလွန်သူ စန်းနိုင်သည် နေအိမ်ရှေ့တာလမ်းပေါ်၌ ကျူရှင်မှပြန်လာသည့် မဆောင်းနှင်းဖြူကိုတွေ့ရှိ၍ ဝတ်ဆင်ထားသည့် နားကွင်းအားဖြုတ်ယူရာ အော်ဟစ်ရုန်းကန်သဖြင့် နားနှစ်ဖက်ကို စုံကိုင်လှည့်လိုက်စဉ် မဆောင်းနှင်းဖြူမှာ ဇက်လည်ကာလဲကျသေဆုံးသွားခဲ့ကြောင်း၊ ထို့နောက်လည်ပင်းကို အဝတ်စဖြင့်ချည်၍ လမ်းဘေးရှိ ဝါးရုံပင်အောက်တွင်ထားရှိပြီး ဝတ်ဆင်ထားသည့် အလေးချိန် တစ်ပဲ၊ သုံးရွေးခန့်ရှိ ရွှေနားကွင်း တစ်ရန်ကို ဖြုတ်ယူခဲ့ကြောင်း ဖော်ထုတ်သိရှိရကာ




မအူပင်မြို့နယ်၌ ကျောင်းသူကလေးငယ်တစ်ဦးကို သတ်ဖြတ်၍ ရွှေနားကွင်းလုယက်ယူဆောင်သူ အမျိုးသားတစ်ဦး ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

သက်သေခံပစ္စည်း ရွှေနားကွင်းကို ၎င်း၏ နေအိမ်၌ သိမ်းဆည်းရမိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ စန်းနိုင်ကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
 (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
 (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
 (၁) ၀၉-၃၄၉၀၃၅၅၃၄
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
 (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
 (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
 (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
 (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
 (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
 (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
 (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
 (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
 (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
 (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
 (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
 (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
 (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့် အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်ပါသည်။ မြစ်ရေတက်လာမှုအပေါ် မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်သော်လည်း ရာသီဥတုဒဏ်ကြောင့် ၎င်းရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် အထူးဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလ၌ ပေါ်ထွန်းခဲ့သော သောင်နှင့် ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြှုပ်ပေါက်ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်စွမ်းအားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြုခုတ်မောင်းရပါမည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး၊ ညအခါ မီးစိမ်းထွန်း၍ ပြသထားပါသည်။ ရေယာဉ်များ ဝင်ရောက်ဖြတ်သန်းခြင်း မပြုရမည့် ရေလမ်းတွင် နေ့အခါအနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း၍ ပြသထားပါသည်။

၄။ ရေများကာလတွင်မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေတတ်ပြီး တံတားတိုင်များအကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့်တက်မစနစ်တို့ကိုကြိုတင်စစ်ဆေးပြီး၊ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရပါမည်။ တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်(၂)စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် သယ်ဆောင်သည့် ဝန်နှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းရမည်ဖြစ်ပြီး မနိုင်ဝန်ကို သယ်ဆောင်ခြင်း မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရပါမည်။

၅။ ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်လာပါက ရေယာဉ်များ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

## အီတလီနိုင်ငံ စစ္စလီကျွန်းရှိ မောင့်အက်တနာမီးတောင်ပေါက်ကွဲရာမှ ထွက်လာသောပြာများပျံ့နှံ့နေသဖြင့် လေကြောင်းခရီးစဉ်များ ရပ်နားခဲ့ရ



**ရောမ စက်တင်ဘာ ၁၅**

အီတလီနိုင်ငံ စစ္စလီကျွန်းရှိ မောင့်အက်တနာမီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသော မီးတောင်ပြာများ လေထုအတွင်းပျံ့နှံ့နေသဖြင့် ကာတာနီးယားလေဆိပ်၌ လေကြောင်းခရီးစဉ်များကို ရပ်နားခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

စစ္စလီကျွန်းရှိ အဓိကလေဆိပ်တစ်ခုဖြစ်သော ကာတာနီးယားလေဆိပ်တွင် မောင့်အက်တနာမီးတောင် ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော မီးတောင်ပြာများပျံ့နှံ့နေကြောင်း၊ ခရီးသည်အသွားအလာ များပြားသည့် အီတလီနိုင်ငံ၏ ပဉ္စမမြောက် အကြီးဆုံးလေဆိပ်ဖြစ်သည့် ကာတာနီးယားလေဆိပ်သို့ ဝင်ရောက်မည့် လေယာဉ်ခရီးစဉ်အားလုံးကို စက်တင်ဘာ ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် စတင်ရပ်နားခဲ့ကြောင်း လေဆိပ်လုပ်ငန်း လည်ပတ်ဆောင်ရွက်သည့် SAC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မောင့်အက်တနာ မီးတောင်သည် ဥရောပတိုက်တွင် လှုပ်ရှားမှုအများဆုံးရှိသော မီးတောင်ဖြစ်ပြီး စစ္စလီကျွန်းရှိ ကာတာနီးယားလေဆိပ်၏ လေကြောင်းခရီးစဉ်များကို မကြာခဏအနှောင့်အယှက် ဖြစ်စေလေ့ရှိကြောင်း၊ ယခုအခါ မီးတောင်ပြာများပျံ့နှံ့မှုမှာ ပိုမိုပြင်းထန်ခဲ့သဖြင့် လေကြောင်းခရီးစဉ်များ ရပ်နားခဲ့ရကာ စီးပွားရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများ ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## ဗီယက်နမ်နိုင်ငံ ကွင်ထရိုင်စီရင်စုတွင် ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် လူဦးရေ ၂၅၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်း

**ဟနွိုင်း စက်တင်ဘာ ၁၅**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကွင်ထရိုင်စီရင်စုတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်ပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ဒေသခံ ဦးရေ ၂၅၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ဗီယက်နမ်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မြစ်ရေလျှံတက်မှုကြောင့် လမ်းမကြီးအများစုရေလွှမ်းနေပြီး မြေပြိုကျမှုကြောင့် လမ်းပျက်စီးမှုများရှိခဲ့ကာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများရှိနေကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းနေရသောဒေသခံများကို ကယ်ဆယ်ရေးဝန်ထမ်း အင်အားအမြောက်အမြားဖြင့် အကူအညီပေးနေကြောင်း၊ မိုးသည်းထန်စွာရွာသွန်းကာ ဖန်းမြစ်ရေလျှံတက်မှုဖြစ်ပေါ်နေပြီး ဖန်းမြစ်ဝှမ်းအနီးနေထိုင်သူများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ပြီး ကုန်းမြင့်ဒေသများတွင် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ နေရာချပေးထားကြောင်း ဗီယက်နမ်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။



"ကွင်ထရိုင်စီရင်စုရဲ့ နေရာအနှံ့မှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ အထူးသဖြင့် ဖန်းမြစ်ရေလျှံတက်မှုကြောင့် အနီးပတ်ဝန်းကျင်ဒေသတွေမှာ ဆိုးရွားတဲ့ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ ဒေသခံ အယောက် ၂၅၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရပါတယ်"ဟု အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ကွင်ထရိုင်စီရင်စုတွင် ဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုအန္တရာယ်ကို အဆင့်(၃)အဖြစ် သတ်မှတ်ထားပြီး မိုးသည်းထန်စွာရွာသွန်းမှုအပေါ်မူတည်၍ လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ရေဘေးအန္တရာယ်အဆင့်ကို ပြောင်းလဲသတ်မှတ်သွားမည်ဖြစ်ကြောင်း အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## အိန္ဒိယနိုင်ငံက ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပွားခဲ့သည့် နီပေါနိုင်ငံအတွက် လျှပ်စစ်ဓာတ်အား ၆၅၄ မဂ္ဂါဝပ်ထိ ပေးပို့သွားမည်

**နယူးဒေလီ စက်တင်ဘာ ၁၅**

အိန္ဒိယနိုင်ငံသည် ဩဂုတ် ၂၆ ရက်က ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပွားခဲ့ကာ လူပေါင်းများစွာသေဆုံးခဲ့ရသည့် နီပေါနိုင်ငံအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လျှပ်စစ်ဓာတ်အား ၆၅၄ မဂ္ဂါဝပ်ထိ ပေးပို့သွားမည်ဖြစ်ကြောင်း အိန္ဒိယ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

နီပေါနိုင်ငံတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် သေဆုံးသူ ၁၃၈၆ ဦးထက်မနည်းရှိခဲ့ပြီး လူဦးရေ ၅၁၃၀ ထက်မနည်း ပျောက်ဆုံးခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုမြင့်မားခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အိန္ဒိယနိုင်ငံက လျှပ်စစ်ဓာတ်အား ပေးပို့သွားမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံက လျှပ်စစ်ဓာတ်အား ပေးပို့ခြင်းသည် သဘာဝဘေးဒဏ်သင့် နီပေါပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုအနေဖြင့် ကူညီပေးရန် အိန္ဒိယအစိုးရက နီပေါအစိုးရကို ကမ်းလှမ်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"နီပေါနိုင်ငံအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်ဓာတ်အားပမာဏ ၆၅၄ မဂ္ဂါဝပ်ထိတင်ပို့ခွင့်ပြုဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ၂၀၂၇ ခုနှစ် ဇန်နဝါရီလကနေ ဒီဇင်ဘာ ၃၁ ရက်ထိ ပေးပို့သွားမှာဖြစ်ပါတယ်"ဟု အိန္ဒိယစွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

## အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းသဖြင့် ထွက်ပြေးနေရသော အော်ရန်ဂူတန်သုံးကောင်ကို BKSDA အေဂျင်စီ ကယ်တင်ခဲ့

**ဂျကာတာ စက်တင်ဘာ ၁၅**

အင်ဒိုနီးရှားနိုင်ငံ အနောက်ကာလီမန်တန် ပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုများကြောင့် ၎င်းတို့၏ နေရင်းဒေသမှ ထွက်ပြေးလာရသည့် အော်ရန်ဂူတန်သုံးကောင်ကို ကယ်တင်ခဲ့ရကြောင်း အနောက်ကာလီမန်တန် သဘာဝသယံဇာတထိန်းသိမ်းရေးအေဂျင်စီ(BKSDA)၏ အကြီးအကဲ မူလန်ဒါမီရီးယားပိန်က ယနေ့တွင် ပြောကြားခဲ့သည်။

ထိုသို့ တောမီးလောင်ကျွမ်းမှုများကြောင့် နေရင်းဒေသမှ ထွက်ပြေးလာရသော အော်ရန်ဂူတန်များကိုကယ်တင်ခဲ့ရာ ယခုအခါ အော်ရန်ဂူတန် စုစုပေါင်း ၁၈ ကောင်ထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အော်ရန်ဂူတန်သုံးကောင်ကို အင်ဒိုနီးရှားနိုင်ငံ ကေတာပန်ခရိုင်ရှိ ပင်ဂျလာအန်နှင့် ပါဒုဘန်ဂျာဒေသတို့ရှိ စိုက်ခင်းများတွင်တွေ့ရှိခဲ့ပြီး ဒေသခံများနှင့် သဘာဝသယံဇာတထိန်းသိမ်းရေးအေဂျင်စီအဖွဲ့ဝင်များ ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ကာ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ကယ်တင်ခဲ့သော အော်ရန်ဂူတန်များမှာ အော်ရန်ဂူတန်သားအမိနှင့် အရွယ်ရောက်ပြီး အထီးတစ်ကောင်ဖြစ်ကြောင်း၊ ထိုသုံးကောင်အနက် သားငယ်ဖြစ်သူသည် အစာရေစာပြတ်လပ်မှုကြောင့် အလွန်ပိန်လှီအားနည်းနေပြီး မိခင်ဖြစ်သူမှာ ပြင်းထန်သောရေဓာတ်ဆုံးရှုံးမှု၊ ခြေထောက်နှစ်ဖက်စလုံးတွင် မီးလောင်ဒဏ်ရာများရရှိခဲ့ကာ အရွယ်ရောက်ပြီး အထီးမှာမူ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်နေကြောင်း၊ လက်ရှိတွင် ၎င်းတို့ကို ကေတာပန်ခရိုင်ရှိ YIARI ကယ်ဆယ်ရေးစင်တာတွင် ကုသပေးလျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

## စပိန်ကမ်းခြေဒေသတွင် တောမီးလောင်ကျွမ်းနေသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေး

**မက်ဒရစ် စက်တင်ဘာ ၁၅**

စပိန်ကမ်းခြေဒေသ အန်ဒါလူစီယာနယ်မြေတွင် စက်တင်ဘာ ၁၃ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၁၄ ရက်တွင် တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ပြီး နေအိမ်များနှင့် အခြေခံအဆောက်အအုံများဆီသို့ ကူးစက် လောင်ကျွမ်းနေပြီဖြစ်သည့်အတွက် တောမီးအန္တရာယ်အရေးပေါ်အဆင့်အဖြစ် သတ်မှတ်ပြီး ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေကြောင်း စပိန်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကယ်ဆယ်ရေးဝန်ထမ်းများက အန္တရာယ်ဇုန်အတွင်းမှ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနိုင်ရန် ကူညီပေးလျက်ရှိပြီး တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် ဒေသခံသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများအနက် တစ်ဦးမှာ စိုးရိမ်ရသည့်အတွက် ဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုပြုလုပ်ပေးလျက်ရှိကြောင်း စပိန်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"အန်ဒါလူစီယာနယ်မြေမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပါတယ်။ တောမီးစတင်လောင်ကျွမ်းခဲ့ပြီး ၂၄ နာရီအတွင်းမှာပဲ တောမီးဟာ ထိန်းချုပ်ရခက်တဲ့ အဆင့်ကို ရောက်ရှိခဲ့ပါတယ်။ တောမီးဟာ နေအိမ်တွေနဲ့အခြေခံအဆောက်အအုံတွေဆီကိုကူးစက်လောင်ကျွမ်းခဲ့ပါတယ်။ ဒေသခံတွေကို အရေးပေါ်အခြေအနေနဲ့ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေပါတယ်။ အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ထားတဲ့ ဧရိယာအတွင်းမှာနေထိုင်သူ ဒေသခံသုံးယောက် ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါတယ်။ နှစ်ယောက်က ဒဏ်ရာအခြေအနေ မစိုးရိမ်ရပေမဲ့ တစ်ယောက်ကတော့ ဒဏ်ရာအခြေအနေ စိုးရိမ်ရပါတယ်။ လိုအပ်တဲ့ ဆေးကုသမှုပြုလုပ်ပေးနိုင်ဖို့အတွက် ဆေးရုံကို ပို့ဆောင်ထားပါတယ်"ဟု စပိန်ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ရာဇဝတ်ဥပဒေ၏ ပြဋ္ဌာန်းချက်အနှစ်သာရ

စိန်လှိုင်ဗိုလ်

ရာဇဝတ်မှု၊ တရားမမှုများသည် ပြည်သူလူထု နေ့စဉ်ကြုံတွေ့နေရသော လူမှုပတ်ဝန်းကျင်တွင် ရှောင်လွှဲရန်မလွယ်ကူသော အမှုများဖြစ်သည်။ အထူးသဖြင့် ရာဇဝတ်မှုများတွင် တွေ့ရကြုံရတတ်သည်။ တရားဥပဒေကိုပြဋ္ဌာန်းရာ ဥပဒေပြုသူတို့သည် ဆင်ခြင်တုံတရားကျယ်ပြန့်စွာဖြန့်ကြက် စဉ်းစားကြပြီးပါမှ ဥပဒေကို ပြဋ္ဌာန်းခဲ့ကြခြင်းဖြစ်ရာ ပုဒ်မတစ်ခုချင်း၊ စာတစ်ကြောင်းချင်းတွင် လေးနက်သောအဓိပ္ပာယ်ရှိသည်။ မြင်အောင်ကြည့်နိုင်ကြမှသာလျှင် ပြဋ္ဌာန်းဥပဒေ၏ဆိုလိုရင်းကို မြင်တွေ့နိုင်ပါလိမ့်မည်။ ရာဇဝတ်ဥပဒေ၏ ပြဋ္ဌာန်းချက်ကို လေးနက်စွာအဓိပ္ပာယ်ဖွင့်ထားသော အမှုတစ်ခု၏ စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြပါဦးမည်။

မန္တလေးတိုင်းတရားရုံး မန္တလေးအနောက်မြောက်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် (၃၅၆/၈၅)တွင် အယူခံတရားလို ရန်စံလင်း ခေါ် ကျော်သိန်းအပေါ် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေသောဆေးဝါးများဥပဒေပုဒ်မ ၇(ခ)အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကိုလည်းကောင်း၊ ၎င်းဥပဒေပုဒ်မ ၁၀( ခ )/၁၁ အရ သေဒဏ်ကိုလည်းကောင်း၊ ၎င်းဥပဒေပုဒ်မ ၁၄(ဃ)အရ အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်ကိုလည်းကောင်း တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ရာ မန္တလေးတိုင်းတရားရုံးက အတည်ပြုခဲ့သည်။ ၎င်းအမိန့်ကို မကျေနပ်သဖြင့် ရန်စံလင်း ခေါ် ကျော်သိန်းက ဗဟိုတရားရုံးသို့ အယူခံတင်သွင်းခဲ့သည်။

**အမှုဖြစ်စဉ်အကျဉ်း**

လွန်ခဲ့သော ၁၉၈၄ ခုနှစ် စက်တင်ဘာ ၁၀ ရက် ညပိုင်းက ပြည်ကြီးပျော်ဘွယ်အရှေ့ ဒီဘိုးဝင်းနေ မောင်မျိုးမြင့်ထွန်း(လိုပြ-၂)နေအိမ်သို့ ယခင်က ကားပြင်၍သိခဲ့ဖူးသူ အယူခံတရားလို ရန်စံလင်း ခေါ် ကျော်သိန်းလာရောက်ပြီး နောက်ရက်တွင် လာယူမည်ဟုပြောကာ သုံးတင်းဝင် ဂုန်နီအိတ်ဖြင့် ထည့်ထားသောမီးသွေးအိတ်တစ်အိတ်ကို အပ်နှံထားခဲ့သည်။ အဆိုပါအိတ်ကို ၁၉၈၄ ခုနှစ် စက်တင်ဘာ ၁၄ ရက်ထိ လာမယူသဖြင့် မသင်္ကာဖြစ်ပြီး မောင်မျိုးမြင့်ထွန်းက ဖွင့်ကြည့်ရာ ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့်များပါရှိသည့် ပလတ်စတစ်အထုပ်များကိုတွေ့ရ၍ အရှေ့မြောက်မြို့နယ် ပြည်သူ့ကောင်စီဝင် ဦးလှမောင်(လိုပြ-၁)ထံ သွားရောက်ပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးရန် အကြောင်းကြားခဲ့သည်။

ထို့နောက် မောင်မျိုးမြင့်ထွန်း၏ တိုင်ကြားချက်အရ အမှတ်(၆)ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူး ဦးအောင်ကြီးမြင့်နှင့်အဖွဲ့က ထိုနေ့ညနေပိုင်းတွင် မောင်မျိုးမြင့်ထွန်း၏အိမ်အနီးမှ စောင့်ဆိုင်းနေစဉ် အယူခံတရားလိုသည် မောင်မျိုးမြင့်ထွန်း၏အိမ်သို့ လာရောက်သောအခါဝင်ရောက်ရှာဖွေရာ သက်သေခံမီးသွေးအိတ်အတွင်းမှ တစ်ထုပ်လျှင် ကီလိုဂရမ်ဝက်ခန့်စီရှိသော ဘိန်းဖြူ ၁၁ ထုပ်ကို သိမ်းဆည်းရမိသဖြင့် အယူခံတရားလိုအပါအဝင် ခြောက်ဦးတို့အပေါ် သက်ဆိုင်ရာအမှတ်(၆)ရဲစခန်းက ၁၉၇၄ ခုနှစ် မူးယစ်စေတတ်သောဆေးဝါးများဥပဒေအရ အရေးယူကာ တရားစွဲတင်ပို့ခဲ့သောအမှုဖြစ်သည်။

အမှုတွင် မောင်မျိုးမြင့်ထွန်း(လိုပြ-၂)က အယူခံတရားလိုက မီးသွေးအိတ်တစ်အိတ်ယူလာပြီး နောက်ရက်၌လာယူမည်ဟုပြောဆိုကာ အပ်ထားခဲ့သော်လည်း မလာသဖြင့် မီးသွေးအိတ်ကိုဖွင့်ကြည့်ရာ ဘိန်းဖြူဟုထင်ရသော အဖြူမှုန့်များပါရှိသည့်အိတ်များကိုတွေ့ရှိရ၍ မြို့နယ်ပြည်သူ့ကောင်စီဝင် ဦးလှမောင်(လိုပြ-၁)ထံ သွားရောက်တင်ပြခဲ့ကြောင်း၊ ဦးလှမောင်၏စီစဉ်ချက်အရ ရပ်ကွက်ပြည်သူ့ကောင်စီဝင်များနှင့်ရဲများက မိမိအိမ်သို့ အယူခံတရားလိုအလာကို စောင့်ဆိုင်းဖမ်းဆီးခဲ့ကြောင်း စသည်ဖြင့်ထွက်ဆိုခဲ့သည်။ အချင်းဖြစ်ရပ်ကွက်မှ ရပ်ကွက်ပြည်သူ့ကောင်စီဝင်များဖြစ်ကြသော ဦးနီပွန်(လိုပြ-၅)၊ ဦးဘို(လိုပြ-၆)နှင့် ဦးဘစိန်(လိုပြ-၈)တို့ကလည်း မောင်မျိုးမြင့်ထွန်းအိမ်တွင် လာရောက်ထားရှိခဲ့သော အယူခံတရားလိုညွှန်ပြသည့်မီးသွေးအိတ်အတွင်းမှ သက်သေခံဘိန်းဖြူများ တွေ့ရှိခဲ့ကြောင်း ထွက်ဆိုခဲ့ကြသည်။

သို့ဖြစ်၍ သက်သေခံဘိန်းဖြူများမှာ မောင်မျိုးမြင့်ထွန်း(လိုပြ-၂)၏နေအိမ်မှ သိမ်းဆည်းရမိခဲ့သည်မှာမှန်သော်လည်း အမှုတွဲရှိ သက်သေခံအချက်အလက်များအရ ၎င်းပစ္စည်းပိုင်ရှင်မှာ အယူခံတရားလို ရန်စံလင်း ခေါ် ကျော်သိန်းဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်ကြောင်း ရုံးတော်က သုံးသပ်ခဲ့သည်။



သက်သေခံဘိန်းဖြူထုပ်များကို မောင်မျိုးမြင့်ထွန်းထံတွင် အယူခံတရားလိုက အပ်နှံထားသည်ဖြစ်၍ ဥပဒေသဘောအရ အယူခံတရားလို၏ ကြီးကြပ်မှုအောက်တွင်ထားရှိသည်ဟု မှတ်ယူရမည်ဖြစ်၍ အယူခံတရားလို၏ လက်ရှိဖြစ်သည်ဟု ကောက်ယူသင့်ကြောင်း၊ အမှုတွဲရှိ သက်သေခံချက်များအရ သက်သေခံဘိန်းဖြူများကို သယ်ဆောင်မှုဖြင့် ပြစ်မှုတွေ့ရှိရခြင်းထက် **အစိုးရ၏ခွင့်ပြုချက်မရှိဘဲ ၎င်းဘိန်းဖြူများကို လက်ဝယ်ထားရှိမှုဖြင့် ပြစ်မှုတွေ့ရှိရခြင်းက ပို၍မျှတမှန်ကန်မည်ဟု ယူဆကြောင်း ရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။**

အယူခံတရားလိုအပေါ် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော မူးယစ်ဆေးဝါးများဥပဒေ ၁၀ (ခ)/ ၁၁ အရ ပြစ်မှုတွေ့ရှိခြင်းနှင့် စပ်လျဉ်း၍ အယူခံတရားလို၏ရှေ့နေက အယူခံတရားလိုသည် ဘိန်းဖြူများရောင်းချခဲ့ကြောင်း သို့မဟုတ် ရောင်းချရန်အားထုတ်ခဲ့ကြောင်း သို့မဟုတ် ရောင်းချရန်အားပေးကူညီခဲ့ကြောင်း ပေါ်လွင်ခြင်းမရှိပါဘဲလျက် အဆိုပါဥပဒေပုဒ်မ ၁၀(ခ) / ၁၁ အရ အပြစ်ပေးခြင်းမှာ မှားယွင်းကြောင်း လျှောက်ထားခြင်းအပေါ်တွင်လည်း ရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။ ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေပုဒ်မ ၁၀ (က)နှင့်(ခ)တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။

**"၁၀(က)မည်သူမျှ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများကို ရောင်းချခြင်းမပြုရ။**

**(ခ) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် ထောင်ဒဏ်အနည်းဆုံး ၁၀ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိထောင်ဒဏ်ထိနှင့် ငွေဒဏ် ကျပ်ငါးသောင်း သို့မဟုတ် သေဒဏ်ချမှတ်ခြင်းခံရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါး၊ ၎င်းဆေးဝါးများရောင်းချရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာတန်ဆာပလာများ၊ ယာဉ်များ၊ တိရစ္ဆာန်များ၊ မြေနှင့် အဆောက်အအုံများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။**

အဆိုပါဥပဒေပုဒ်မ (၁၁) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

**"မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်ရန်ပူးပေါင်းကြံစည်လျှင် ၎င်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းကို ခံရမည်"**

သက်သေခံဘိန်းဖြူများမှာ ပမာဏများပြားသည့်အလျောက် အယူခံတရားလိုသည် ၎င်းဘိန်းဖြူများကို ရောင်းချရန်ရည်ရွယ်ချက်ဖြင့် လက်ဝယ်ထားကြောင်း ယုံမှားဖွယ်မရှိပေ။ **ပြစ်မှုတစ်ရပ်ကိုကျူးလွန်ရာတွင် ပြစ်မှုကျူးလွန်ရန်ကြံရွယ်ခြင်း၊ ပြစ်မှုကျူးလွန်ရန်ပြင်ဆင်ခြင်း၊ ပြစ်မှုကျူးလွန်ရန် အားထုတ်ခြင်း၊ ပြစ်မှုကိုကျူးလွန်ခြင်းဟူ၍ အဆင့်လေးဆင့်ရှိရာ ၁၉၄၇ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေအရ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရန်ရည်ရွယ်ချက်ရှိသူကို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားခြင်းမရှိကြောင်း တွေ့ရသည်ဟု အယူခံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။**

အယူခံတရားလိုသည် သက်သေခံဘိန်းဖြူများ ရောင်းချရန်ရည်ရွယ်ချက်ဖြင့် လက်ဝယ်ထားကြောင်းပေါ်လွင်သဖြင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ၎င်းဘိန်းဖြူများကို **"ရောင်းချရန်အားထုတ်သည်"**ဟု ကောက်ယူခဲ့ဟန်တူကြောင်း ဗဟိုတရားရုံးက စိစစ်ဝေဖန်ခဲ့သည်။

အမှုတွင် အယူခံတရားလိုသည် သက်သေခံဘိန်းဖြူများကိုရောင်းချရန်အတွက် ရှေးရှုသော ပြုလုပ်မှုတစ်ခုခုကိုပြုလုပ်ကြောင်း ကောက်ယူနိုင်ရန် အထောက်အထားမခိုင်လုံသဖြင့် **သက်သေခံဘိန်းဖြူများ၏ ပမာဏသက်သက်ကိုကြည့်၍ အယူခံတရားလိုသည် ၎င်းဘိန်းဖြူများကို ရောင်းချရန်အားထုတ်သည်ဟု မကောက်ယူသင့်ကြောင်း ဗဟိုတရားရုံးအပါအဝင် တရားရုံးအဆင့်ဆင့်က တရားခံတစ်ဦး၏ ပြုလုပ်မှုတစ်ခုခုသည် ပြစ်မှုမြောက်၊ မမြောက်သုံးသပ်ရာ၌ အမှုဖြစ်ရပ်ကို သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့် ဆက်စပ်စိစစ်ပြီး အဆုံးအဖြတ်ပြုရကြောင်း သက်ဆိုင်ရာပြဋ္ဌာန်းချက်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခွင့်မရှိကြောင်း ဗဟိုတရားရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။**

သက်ဆိုင်ရာဘိန်းဖြူများ၏ ပမာဏသက်သက်ကို ထောက်ချင့်၍ အယူခံတရားလိုသည် ၎င်းဘိန်းဖြူများကို ရောင်းချရန်အားထုတ်သည်ဟု ကောက်ယူပါက ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဥပဒေပုဒ်မ (၁၀)၊ (၁၁)ပါ ပြဋ္ဌာန်းချက်များကို မိမိလိုရာဆွဲ၍ အလွန်ဆန့်ယူရာရောက်ပေလိမ့်မည်။ ဗဟိုတရားရုံးအပါအဝင် တရားရုံးအဆင့်ဆင့်သည် **ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းချက်အတိုင်း ကောက်ယူရန်သာဖြစ်ကြောင်း အယူခံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။ ပြဋ္ဌာန်းချက်တွင် မပါသည့်ကိစ္စကို ဖြည့်စွက်ကောက်ယူမည်ဆိုပါက ဥပဒေပြုရာရောက်ပေလိမ့်မည်။**

အယူခံတရားလိုသည် သက်သေခံဘိန်းဖြူများကို ရောင်းချရန်အားထုတ်သည်ဟု ကောက်ယူနိုင်ရန် အထောက်အထားလုံလုံလောက်လောက်မရှိကြောင်း အထက်တွင်သုံးသပ်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် မောင်မျိုးမြင့်ထွန်း၏ ထွက်ဆိုချက်အရ အယူခံတရားလိုသည်သက်သေခံဘိန်းဖြူများရောင်းချရန် မောင်မျိုးမြင့်ထွန်းက အားပေးကူညီကြောင်း ပေါ်လွင်ခြင်းမရှိသည့်အပြင် ရောင်းချရန်အတွက် မောင်မျိုးမြင့်ထွန်းနှင့် ပူးပေါင်းကြံစည်ကြောင်းလည်း မထင်ရှားချေ။ ထို့ကြောင့် အယူခံတရားလိုအပေါ် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေပုဒ်မ(၁၀)(ခ)/၁၁ အရချမှတ်သည့် **သေဒဏ်ကိုပယ်ဖျက်ပြီး သက်သေခံဘိန်းဖြူများကို လက်ဝယ်ထားသည့်အတွက် ပြစ်ဒဏ်ပြောင်းလဲပေးသင့်ကြောင်း အယူခံရုံးတော်က တိကျစွာဆင်ခြင်သုံးသပ်ခဲ့သည်။**

အယူခံတရားလိုသည် မူးယစ်ထုံထိုင်းဘေးဖြစ်စေသောဆေးဝါးများကို ရုံဖန်ရံခါသုံးစွဲကြောင်း ကောက်ယူ၍ ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများ ဥပဒေပုဒ်မ ၁၄(ဃ)အရ ပြစ်မှုကျူးလွန်သည့်နေ့မှာ ၁၉၈၄ ခုနှစ် မေ ၁၄ ရက်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာ အမှတ် (၁/၈၅) ကို ၁၉၈၅ ခုနှစ် မတ် ၂၉ ရက်တွင် ထုတ်ပြန်ခဲ့သည်ဖြစ်ရာ အယူခံတရားလိုကို ၎င်းကြော်ငြာစာပါညွှန်ကြားချက်ကို ဖောက်ဖျက်မှုဖြင့် အရေးမယူနိုင်ပေ။ **မောင်သူရအောင်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် စီရင်ထုံး ၁၉၈၅ မြန်မာနိုင်ငံစီရင်ထုံးစာမျက်နှာ(၁၅)** ကို ရည်ညွှန်းခဲ့သည်။ ထို့ကြောင့် အယူခံကိုခွင့်ပြု၍ မူလမြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏အမိန့်များကိုပယ်ဖျက်ပြီး အယူခံတရားလိုအပေါ် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေပုဒ်မ ၆(ခ)အရ ပြစ်မှုတွေ့ရှိကာ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်၊ ဒဏ်ငွေကျပ် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ) ပေးဆောင်ရန်နှင့် မပေးဆောင်ပါက နောက်ထပ်အလုပ်နှင့် ထောင်ဒဏ်နှစ်နှစ်ခွဲကျခံစေရန် ပြင်ဆင်အမိန့်ကို ဗဟိုတရားရုံးက ချမှတ်လိုက်သည်။

ဤအမှုတွင် အယူခံတရားလိုအပေါ် မူလမြို့နယ်တရားရုံးက သေဒဏ်ချမှတ်သည်။ ပထမအယူခံ တိုင်းတရားရုံးကလည်း အတည်ပြုခဲ့သည်။ အယူခံတရားလိုသည် ဗဟိုတရားရုံးအဆင့်သို့ တက်ရောက်နိုင်ခဲ့၍သာလျှင် သေဒဏ်မှ ကင်းလွတ်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ တရားရုံးအဆင့်ဆင့်သည် ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ကြပြီး ဆင်ခြင်တုံတရားပါ ပေါင်းစပ်ပါက လူတိုင်းလူတိုင်း ဆင်းရဲချမ်းသာမရွေး တရားဥပဒေကပေးသောအခွင့်အရေးကို ခံစားကြရမည်ဖြစ်ပါကြောင်း **ရန်စံလင်း ခေါ်ကျော်သိန်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၉၈၅ ခုနှစ် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် (၄၇၄) စီရင်ထုံးကို** ရည်ညွှန်းကိုးကားရေးသားလိုက်ရပါသည်။

**ယခုဆောင်းပါးသည် စာရေးသူ မကွယ်လွန်မီ ရတနာပုံသတင်းစာတိုက်သို့ နောက်ဆုံးပေးပို့ခဲ့သောဆောင်းပါးများထဲက တစ်ပုဒ်ဖြစ်ပါကြောင်း၊ ကျန်ရှိသော ဆရာကြီးစိန်လှိုင်ဗိုလ်၏ ဥပဒေပညာပေးဆောင်းပါးများကို အပတ်စဉ် ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါကြောင်း စာဖတ်ပရိသတ်များကို လေးစားစွာအသိပေးအပ်ပါသည်။**

## ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၅၈၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၅၈၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ငရုတ်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၃၃၁ ဧက၊ ကနီမြို့နယ်တွင် ၂၂၉ ဧက၊ ပုလဲမြို့နယ်တွင် ၂၂၅ ဧက စုစုပေါင်း ၁၅၈၅ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ငရုတ်ဧက ၁၅၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ငရုတ်စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ စိုက်နည်းစနစ်မှန်ကန်ဖို့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါကင်းရှင်းဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးပါမယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြသည်။

ငရုတ်စိုက်တောင်သူများအနေဖြင့် ငရုတ်အထွက်နှုန်းကောင်းစေရန် စိုက်ပျိုးနည်းစနစ် နည်းပညာပေးခြင်း၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရန် နည်းပညာပေးခြင်း၊ မြေဆီလွှာ အာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြ၍ သိရသည်။ (၂၀၆)

## ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ရေဘဝဲပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပုတော စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ရေဘဝဲပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုတောမြို့နယ် ရေထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းလှဲ့က ပြောပြသည်။

ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်းက ရေဘဝဲပိသာချိန် ၃၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ရေဘဝဲပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဆင်ပြေပြေ တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်က တင်ပို့တဲ့ ရေထွက်ကုန်တွေရဲ့



အဓိကဈေးကွက်ပါ။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ရေဘဝဲပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့ အရွယ်အစား၊ အလေးချိန်အပေါ် မူတည်ပြီး ဈေးအပြောင်းအလဲ ရှိပါတယ်။ လက်ရှိမှာလည်း ရေဘဝဲတွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေတင်ပို့တဲ့ ရေဘဝဲတွေကို ရန်ကုန်ဈေးကွက်က ဒေသတွင်းအပြင် အခြားဒေသတွေကို ပြန်လည် တင်ပို့ရောင်းချနေတယ်လို့ သိရတယ်"ဟု ပုတောမြို့နယ် ရေထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလှဲ့က ပြောပြသည်။

ပုတောမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၃၅၀၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၈၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ဝမ်းတွင်းမြို့နယ် နွားနန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နွားနန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိမရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ်၂၄ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၃၃ ဒသမ ၃၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၅ ဒသမ ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၀၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၆၃ ဒသမ ၈၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

## ညောင်ရွှေမြို့နယ် ကန်ခေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးပေါခဲ့ ကျေးရွာအုပ်စု ကန်ခေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ကန်ခေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကန်ခေါင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇၅ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၃ ဒသမ ၃၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## မိုးညိုမြို့နယ် ကံကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးညို စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၁ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကံကလေးကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦးကို ငွေကျပ် ၃၂ ဒသမ ၈ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၈ ဒသမ ၅ သန်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၇ ဦးကို ရန်ပုံငွေကျပ် ၄၁ ဒသမ ၆ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန္တာ**



# ထိုနေ့က တက်သောကြောင့် ကျသည်

မစန္ဒာ



စက်တင်ဘာ ၁၄ ရက်မှအဆက်

သူ့ခမျာ ဆိုက်ကားသာ နင်းနေရသော်လည်း စာပေပိုးလေးကရှိနေတော့ သူ၏အတွေ့အကြုံလေးများကို ထိရှခံစားရင်း "ကျွန်တော်သာ ဝတ္ထုကောင်းကောင်းရေးတတ်ရင် ရေးချင်လိုက်တာ အဖေရာ"ဟု မကြာခဏ ပြောတတ်သည်။ ယခုလည်း ကန်စွန်းရွက်တစ်စည်းကို ငွေကျပ် လေးရာနှင့် ရောင်းလိုက်သော ကန်စွန်းရွက်သည်၏ ညည်းချင်းကို စာဖွဲ့ချင်သည်တဲ့။ အခြေအနေသာပေးလျှင်၊ မြေတောင်မြှောက်ပေးမည့်သူသာရှိလျှင် သူ၏သား ဘဝသမားသည် ဘဝသရုပ်ဖော်စာရေးဆရာတစ်ဦးဖြစ်လာနိုင်သည်။

"ဒါကတော့ ကွမ်းရွက်နဲ့လျက်ဆား အဖေရ၊ ကျွန်တော့်ကို တွေ့တော့ ဦးကြီးပြုံးက လှမ်းခေါ်ပြီး ပေးလိုက်တာ။ အဖေ့ကိုလဲ ဆူနေတယ်။ မနေ့တုန်းက ချောင်းတဟွပ်ဟွပ်နဲ့ ဆိုက်ကားနင်းနေလို့တဲ့။ သေသွားလိမ့်မယ် သတိထားတဲ့။ နေမကောင်းသေးရင် ခဏနားပါအုံးတဲ့"

ဦးကြီးပြုံးက ဈေးအဝင်ဝတွင် ကွမ်းယာဆိုင်ဖွင့်ထားသည်။ ဈေးထဲဝင်လိုက်လျှင် ဦးကြီးပြုံး၏ဆိုင်ကို အလျင်ဆုံးတွေ့နိုင်သည်။ ဦးကြီးပြုံးဆိုင်မှ ကြည့်လိုက်လျှင်လည်း ဈေးအဝင်အထွက်ပေါက်နားတွင် လူစောင့်နေကြသော ကိုလူမောင်တို့ ဆိုက်ကားသမားများကို မြင်ရရုံသာမက ပြောနေသော စကားများကိုပါ အသေအချာကြားနိုင်လေသည်။

သူ့ဆိုင်သေးသေးလေးတွင်လည်း ဆေးလိပ်၊ ကွမ်းယာရောင်းရုံသာမက စာကလေးခွေ၊ ပီကေ၊ ချိုချဉ်၊ ဖုန်းငွေဖြည့်ကတ် စသည်များလည်း ရနိုင်သည်။ ငှက်ပျောသီးဖီးကြမ်းနှင့် သီးမွှေးငှက်ပျောသီးတို့ကိုလည်း တစ်ဖီးစီ ချိတ်ထားသည်။ သူက ကွမ်းယာရောင်းသူမို့ ကွမ်းရွက်သက်သက် လာဝယ်လျှင် ဘယ်တော့မှ မရောင်း၊ သူ့ဆီသွားပြီး "ကွမ်းရွက်တစ်ရာဖိုးလောက်ပေးပါ"ဟု ပြောလျှင် "တစ်ရာဆိုရင် တစ်ရွက်ပဲရမယ်"ဟု မျက်နှာထိမျက်နှာထားနှင့် အပေါက်ဆိုးတတ်သူဖြစ်လေသည်။ ထိုသို့သော သူ၏ကွမ်းရွက်ကို တိုတိုထွာထွာရှိလှသော ဦးကြီးပြုံးတစ်ယောက် စေတနာပေါက်လာရအောင် သူက မည်မျှသနားစရာကောင်းနေသည်လည်း မသိနိုင်။ ဗာဒံပင်ရိပ်က ဝါးကွပ်ပျစ်ပေါ်တွင် ထိုင်ရင်း တဟွပ်ဟွပ် ဖြစ်နေခဲ့သည်ကားအမှန်ပင်။

"ပြောလိုက်သေးတယ်၊ ငါ့မှာ မနေနိုင်လွန်းလို့ ကွမ်းရွက် အလကားပေးရတာ နောက်ကနေ လျက်ဆားပါ စိုက်ရသေးတယ် လခွမ်းတဲ့"။

ကိုလူမောင် တုပ်ကွေးကွေးပြီး အဖျားပျောက်သွားချိန်တွင် ချောင်းဆိုးက မပျောက်ဘဲ ကျန်နေခဲ့သည်။ လည်ချောင်းထဲတွင် ယားယားပြီး အဆက်မပြတ်ဆိုးလိုက်သည်မှာ တစ်ခါတစ်ခါဆိုးပြီးလျှင် မောပြီးကျန်ရစ်သည်။ သို့ပါသော်လည်း သူတို့ဘဝက ကြာကြာလူနာလုပ်၍ရသော ဘဝမျိုးမဟုတ်ပေ။ အဖျားက ပျောက်နေပြီမို့ ဆိုက်ကားပေါ် ပြန်တက်သည်။ အစားအသောက်ပျက်နေသည့်အတွက် လူကတော့ ခပ်ယိုင်ယိုင်နှင့် အားမရှိလှချေ။

ယခင်က ပေါ့ပေါ့ပါးပါးနင်းနိုင်ခဲ့သော ခရီးကို ယခုကျတော့ ပန်းဟိုက်ချင်သည်။ ပိုဆိုးသည်က ချောင်းဆိုးခြင်းပင်။ အားစိုက်နင်းလိုက်၊ တဟွပ်ဟွပ်ဆိုးလိုက်ကဖြစ်နေတော့ စီးရသူက စိတ်ချမ်းသာဟန်မတူ။ "ရှင့်မလဲ ပင်ပန်းလိုက်တာရှင်။ တော်ပြီ …တော်ပြီ၊ ဒီနေရာမှာပဲ ရပ်တော့။ ဝင်စရာကလေးရှိနေလို့"ဟုပြောကာ ဆိုက်ကားပေါ်မှ ဆင်းသည်။ ဆိုက်ကားခပေးရင်းလည်း "ဆေးလေး ဘာလေးလဲ ဝယ်သောက်အုံးမှပေါ့ ဆရာကြီးရဲ့"ဟု မျက်နှာထားညိုညိုနှင့်ပြောသည်။ အမှန်စင်စစ်အားဖြင့် ဝင်စရာရှိသောကြောင့် ရပ်ခိုင်းခြင်း ဟုတ်ဟန်မတူ၊ ချောင်းဆိုးကူးမှာစိုးသောကြောင့်သာ ဆိုက်ကားပေါ်မှ ဆင်းပြေးခြင်း ဖြစ်ဟန်တူသည်။

"ခရီးသည် ဆင်းပြေးတော့မှ မဖြစ်ချေပါဘူးဆိုပြီး ဆေးသောက်ဖို့ စဉ်းစားမိတာပါကွာ၊ ချောင်းဆိုးတာများ ဆေးသောက်ရကောင်းတယ်လို့တောင် မထင်ခဲ့ပါဘူး"

ကိုလူမောင်က ကွမ်းရိုးလေးကိုဖြတ်ပြီး ပါးစပ်ထဲထည့်ကာ ဝါးလိုက်သည်။ ကွမ်းနံ့က ချက်ချင်းမွှေးတက်လာပြီး စပ်ရှားရှားအရသာလေးသည်လည်း လျှာထဲတွင် ပျံ့သွားသည်။

"အဖေကတော့ ဆေးသောက်ဖို့ လိုနေပါပြီဗျာ၊ ကျွန်တော်တို့ကလဲ ပေါ့ပါတယ်။ ကျွန်တော် ညနေကျရင် အဖေပြောတဲ့ဆေးဝယ်ခဲ့ပေးပါ့မယ်။ နောက်ပြီး ဒီလောက်ဖျားပြီး နာလန်ထလာတာ အားဆေးလေး ဘာလေးလဲ သောက်ရင် ကောင်းတာပေါ့။ အင်နာဗွန်စီဆိုတာ ကောင်းတယ်တဲ့"

"မလိုပါဘူးကွာ။ ငါတို့မှာ ဗီတာမင် ကန်စွန်းရွက်ရှိပါတယ်"

"အဲဒီ ဗီတာမင် ကန်စွန်းရွက်က တစ်စည်းကို လေးရာလေ ကိုကြီးလူရဲ့။ အညွန့်က သုံးညွန့်ပဲပါတယ်။ အောက်ဘက်မှာ အရိုးအရင့်တွေကို ရောစည်းထားတာ"

ကန်စွန်းရွက်ခြွေနေသော ဒေါ်ရွှေခင်က ဝင်အော်သည်။ အသက် ၅၀မှ သီသီစွန်းရုံသာရှိသေးသော်လည်း သူ့ကိုကြည့်ရသည်မှာ အသက် ၆၀ လောက်ထင်ရလေသည်။ အဖြူရောင် အတော်များများရောနေသောဆံပင်များက ဆီခြောက်ပြီး ပွရောင်းရောင်းဖြစ်နေသည်။

"မကြားဖူးပါဘူးတော်၊ ကန်စွန်းရွက်တစ်စည်းကို လေးရာပေးပြီး စားရမယ်လို့။ တစ်သက်လုံးလဲ ယောင်လို့တောင် မတွေးမိပါဘူး။ ကိုယ့်ပါးစပ်တောင် ကိုယ်မသဒ္ဓါပါဘူး"

ဒေါ်ရွှေခင်က တစ်စုံတစ်ဦးနှင့် ဒေါင်းတင်မောင်းတင် ထပြီး ရန်ဖြစ်နေသလို စိတ်တွေတိုနေလေသည်။ အရင်တုန်းကတော့ သူလည်း ဈေးထဲတွင် ပန်းရောင်းသည်။ သူ့ဝင်ငွေက အနည်းအပါးဟု ဆိုသော်လည်း ဈေးဖိုးလေးတော့ ထောက်ကူမိသားပင်။ နောက်ပိုင်းကျတော့ ဒူးနာလာသည်။ သူ့ဒူးက ထိုင်ပြီးလျှင် မထနိုင်၊ ထပြီးလျှင်လည်း ထိုင်ဖို့ခက်သည်မို့ ဈေးကြိုဈေးရောင်း သိပ်မလုပ်နိုင်တော့၊ အပြင်မှာသာမဟုတ်၊ သူ့ခမျာ အိမ်မှာလည်း ဒုက္ခရောက်ရှာသည်။ ကုလားထိုင်အမြင့်လေးပေါ်တွင် ထိုင်ရလျှင် အထိုင်လည်းသက်သာ၊ အထလည်း သက်သာသော်လည်း သူတို့အိမ်တွင် ကုလားထိုင်မရှိ။ အသက်ကြီးသောကြောင့် ဒူးဆီခန်းခြင်းဖြစ်သည်ဟု ပြောကြသည်။ သူတို့ပတ်လည်တွင်လည်း ဒူးနာသူတွေ ဒုနဲ့ဒေးဆိုတော့ ပရုတ်ဆီလေး လိမ်းရုံ၊ အကြောပြေဆေးလေး လိမ်းရုံသာ လုပ်တတ်သည်။ နူဖလမ်ဆိုသော ဆေးသောက်လျှင် သက်သာသည်ဟု ပြောသူက ပြောသော်လည်း ဆေးတစ်ဘူးကို သောင်းကျော်ပေးရ၍ စိတ်ကူးထဲ မထည့်နိုင်။ ယခုလည်း ကြမ်းပေါ်တွင် ဖင်ချထိုင်ရင်း ကန်စွန်းရွက်ခြွေနေသည်။ ထလျှင် လေးဖက်ထောက်ပြီး တကျွတ်ကျွတ်၊ တကျက်ကျက် အော်ရရှာချေဦးမည်။

"နည်းနည်းများ သက်သာမလားလို့ အနှစ်ထွက်ခါနီးနေတဲ့ ကြက်ဥအက်အက် အခွံကွဲကလေးဝယ်မလို့ မေးမိပါတယ်။ တစ်လုံး တစ်ရာ့နှစ်ဆယ်တဲ့။ တစ်ရာနှစ်ဆယ့်ခြောက်ကျပ်ဆိုတာ ကျွန်မတို့ငယ်ငယ်တုန်းက အဖေ့ရဲ့ လစာလေ။ ကျွန်မတို့အဖေ စာရေးကြီးရဲ့ လခတစ်လစာ၊ အခု စာရေးလခ တစ်လစာနဲ့ ဈေးဝယ်ရင် ကြက်ဥအခွံကွဲတစ်လုံးကြီးများတောင်ရမယ်တဲ့။ အဲဒါတွေ တကယ်ဖြစ်နေတာပါအမေရဲ့"

ဒေါ်ရွှေခင်က ခိုညည်းသလို ညည်းနေသည်။ အိမ်ဦးနတ် ကိုလူမောင်ခမျာလည်း ကြားနေရသော ညည်းချင်းတွင် မသက်မသာစီးမျောရင်း ကန်စွန်းရွက်နှစ်စည်းကို သူ၏ မီးဖိုချောင်နတ်သမီးကြီးက မည်ကဲ့သို့ စီမံလိမ့်မည်နည်းဟု တွေးနေသည်။ ကြော်မည်လော၊ ပြုတ်မည်လော၊ သုပ်မည်လော သို့တည်းမဟုတ် ငါးပိစိမ်းစားလေး လက်မလောက်ထည့်ပြီး ချဉ်ရည်ကျဲ ချက်မည်လော။ ဘယ်လိုလုပ်လုပ် သိပ်ပြီးတော့ မစားချင်လှ။

သူ့ပါးစပ်က သားကြီးငါးကြီးလည်း မစားချင်၊ အသီးအရွက်လည်း မစားချင်၊ ဆာ၍သာ ကြိတ်မှိတ်မျိုပြီး ရေသောက်ချလိုက်ရသော်လည်း ဘာအရသာကိုမျှ မတွေ့။

သူတမ်းတမ်းတတ စားချင်နေသည်က ငါးရံ့ခြောက်ဖုတ်ဖြစ်လေသည်။ ငါးရံ့ခြောက်အကောင်ကြီးကြီး၊ အသားမြှောင်းထူထူကို နုပ်နေအောင် မီးဖုတ်၊ မွနေအောင် သာသာထုပြီး နှမ်းဆီရွှဲရွှဲလေး ဆမ်းကာ ထမင်းကြမ်းလေးနှင့် စားလိုက်ရလျှင်…။

"အမေရေ…ဆာတယ်"

"ဟော…"

သားအငယ်ကောင်က အိမ်ပေါ်ကို ခပ်သုတ်သုတ်တက်လာသည်။ သူကလည်း အကြီးကောင်လိုပင် ခြေနင်းက ကြမ်းကြမ်းမို့ ကြမ်းခင်းများက ညွတ်ခနဲ၊ ညွတ်ခနဲ ဖြစ်သွားပြန်သည်။

"ဟ… ကောင်ရ၊ အိမ်ပြိုမယ်"

သူနင်းတုန်းက သူ့ဟာသူ မသိသော်လည်း သူများနင်းတော့ အကြီးကောင်က ထအော်သည်။

အငယ်ကောင်က အကြီးကောင်လို မဟုတ်ပေ။ နားတွင်နားသန်သီးနှင့်၊ ပါးတွင် ပါးကွက်နှင့်၊ လက်ဖျံနှစ်ဖက်တွင် တက်တူးနှင့်၊ ဆံပင်ရှည်များက ကုပ်ကျော်ကျော်တွင် ဖြောင့်ဖြောင့်စင်းစင်း ကျနေသည်။ ကြည့်ရသည်မှာ ရှိစုမဲ့စု ပိုက်ဆံနှင့် သူ့ဆံပင်ကို ဖြောင့်ထားပုံရလေသည်။

သူကတော့ အသက်တစ်ဆယ့်ရှစ်နှစ်ရှိပြီး ဆယ်တန်းကို တစ်ခါကျရှုံးခဲ့ပြီးဖြစ်သည်။ ဒီနှစ်ဆယ်တန်းကို အလွတ်ဖြေမည်ပြောသော်လည်း ဖြေဖြစ်ပါ့မလား မသိရ။ ကျောင်းမနေတော့ဘဲ သူ့ဟာသူ ကျောင်းထွက်လာကာ တာမွေလမ်းဆုံတွင် လက်ပွေ့ဂျာနယ်ရောင်းသည်။ တစ်ခါတစ်ရံလည်း ကွမ်းယာ၊ ဆေးလိပ်၊ တစ်ခါတစ်ရံလည်း စံပယ်ပန်း၊ ခရေပန်းရောင်းတတ်သည်။ အကြီးကောင်လို ရသမျှ ပိုက်ဆံ အမေကို အပ်တတ်သူမဟုတ်ချေ။ သို့သော် ဆန်ဝယ်လာလိုက်၊ ဆီဝယ်လာလိုက်နှင့် မီးဖိုချောင်ကိုတော့ ဖြည့်ရှာသည်။ တစ်လလျှင် နှစ်ခါ၊ သုံးခါလောက်တော့"ဟင်းကောင်းလေးချက်ပါ အမေရ" ဟု ပြောပြီး သူ့အမေကို သုံးလေးငါးထောင် ကျိတ်ပြီးပေးတတ်လေသည်။

"ခရမ်းချဉ်သီးငါးပိချက်ရှိတယ် သား၊ ခဏစောင့်ပါလား၊ ကန်စွန်းရွက်ကြော်လိုက်အုံးမယ်"

"မစောင့်တော့ဘူး အမေရာ…ဆာလှပြီ"

အငယ်ကောင်က မီးဖိုချောင်သို့ တန်းဝင်သွားပြီး ထမင်းအိုးဖွင့်သည်။ ခရမ်းချဉ်သီးငါးပိချက်သည် ငါးပိရည်ကျဲထက်ပို၍ စားကောင်းသည်မို့ သူကြိုက်သည်။ ခဏနေတော့ ထမင်းဇလုံကိုင်ပြီး ပြန်ထွက်လာသည်။ အကြီးကောင်လိုပင် အဖေ့ဘေးတွင် လာထိုင်သည်။

"မင်းဆံပင်တွေ ဖြောင့်ထားတာလား"

"မိုက်ရဲ့လား… အစ်ကိုရ"

"မင်းကွာ… ဘယ်လောက်ကုန်သွားလဲ"

"အဟက်… နည်းနည်းပါ"

စာမျက်နှာ ၂၉ သို့ á

# ခန္တီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၀၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ခန္တီး စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၀၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခန္တီးမြို့နယ်တွင် မြေပဲ ၁၆၀၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခန္တီးမြို့နယ်မှာ မြေပဲ ဧက ၁၆၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ယခုနှစ် ခန္တီးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ရေကြည်မြို့နယ် အုတ်တိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေကြည် စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝက်ရုပ်ကျေးရွာအုပ်စု အုတ်တိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အုတ်တိုက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၃၁ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၄ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

á **စာမျက်နှာ ၂၈ မှအဆက်**

အကြီးကောင်က ခပ်တည်တည်၊ ခပ်အေးအေး။ အငယ်ကောင်က ခပ်သွက်သွက်၊ ခပ်ပျော်ပျော်။ ပုံစံချင်းက နည်းနည်းမှ မတူကြချေ။ ပညာဘက်တွင် ထူးထူးချွန်ချွန်မရှိကြသည့်အတွက် စိတ်မကောင်းဖြစ်ရသော်လည်း သူတို့နှစ်ဦး တစ်ဦးနှင့်တစ်ဦး ချစ်ကြသည့်အတွက် စိတ်ချမ်းသာရသည်။

"ကျွန်တော် ချမ်းသာအောင် ကြိုးစားနေတယ် အစ်ကိုရ၊ ကံကောင်းရင် တစ်ချက်ပဲ"

"မင်းနော်၊ ဖြတ်လမ်းလိုက်ပြီး ဆေးပြားတွေ မသယ်နဲ့နော်၊ တစ်ခါတည်း ရဲလက်ထဲရောက်သွားမယ်"

အကြီးကောင်က စိုးရိမ်တကြီး ပြောသည်။

"စိတ်တောင်မကူးပေါင်ဗျာ"

"နှစ်လုံးထီလဲ မရောင်းနဲ့"

"မလုပ်ပါဘူး အစ်ကိုရာ၊ ကောင်းရောင်းကောင်းဝယ် ရိုးရိုးသားသားနဲ့ ချမ်းသာအောင် ကြံနေတာပါ"

"မင်း ဘာလုပ်မလို့လဲ"

အကြီးကောင်က သူ့ညီကို မသင်္ကာသောအကြည့်နှင့် ကြည့်နေသည်။ ကောင်းရောင်းကောင်းဝယ်နှင့် ဘယ်လိုများ ချမ်းသာအောင် လုပ်မလို့လဲဟု စဉ်းစားရင်း စိတ်ရှုပ်သွားပုံရသည်။

"တစ်လကို ထီတစ်စောင် ထိုးတယ်လေဗျာ၊ ကံကောင်းရင် တစ်စောင်တည်းနဲ့ သိန်းတစ်သောင်းပဲ၊ ဟက်...ဟက်... ။ ထမင်းကလဲ စားကောင်းလိုက်တာဗျာ၊ ထပ်ထည့်လိုက်အုံးမယ်"

အငယ်က ရယ်ရယ်မောမောနှင့် ထပြောသည်။ အစိုးရိမ်ကြီးတတ်သော အစ်ကို့ကို ကသိကအောက်ဖြစ်အောင် မကြာခဏ စတတ်နောက်တတ်သည်ကတော့ သူ၏ အကျင့်ဖြစ်သည်။

"ခွေးတိရစ္ဆာန်လေး ငှါမှာဖြင့် လန့်သွားတာပဲ"

စဉ်းစားဆင်ခြင်ဉာဏ်နည်းပြီး မိုက်မဲချင်လျှင် ဘဝပျက်မည့် မူးယစ်ဆေး၊ စိတ်ကြွဆေးများက လက်တစ်ကမ်းတွင်ပင် ရှိနေသည့်အတွက် အကြီးကောင်အစိုးရိမ်ကြီးသည်ကိုလည်း အပြစ်မဆိုသာဟု ကိုလူမောင် တွေး၍မှ မဆုံးသေး၊ လည်ချောင်းက ယားလာပြန်သည်။ ချောင်းက ဆိုးပြန်သည်။

"အဖေ့ ကွမ်းရွက်...ကွမ်းရွက်..."

အကြီးကောင်က ကွမ်းရွက်ထဲသို့ လျက်ဆား နည်းနည်းထည့်ကာ လေးခေါက်ချိုးလိုက်ပြီး လှမ်းပေးသည်။

"ညနေကျရင် ဆေးဝယ်ခဲ့ပါ့မယ် အဖေရာ"

"တော်ပြီ သား၊ ကွမ်းရွက်နဲ့ လျက်ဆားက ကောင်းပါတယ်"

ပါးစောင်တွင် ငုံထားသော ကွမ်းရွက်ထဲမှ လျက်ဆားရည်လေးများ စိမ့်ထွက်ကာ ကွမ်းရွက်ရည်နှင့်ရောပြီး လည်ချောင်းထဲ ဆင်းသွားသည်။ ယားနေသည်များ သက်သာသွားသည်။

"သွားလိုက်အုံးမယ် အဖေရာ"

အကြီးကောင်က နေရာမှ ထသည်။ နေ့ခင်းတိုင် ဆိုက်ကားဆွဲ၍ မကောင်းလှသော်လည်း ကြိုးကြားကြိုးကြား ရောက်လာတတ်သော ခရီးသည်ကို ဗာဒံပင်ရိပ်တွင် စာဖတ်ရင်း စောင့်တတ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## ကာကွယ်ကြပါ အိုဇုန်းလွှာ

\- တို့ကမ္ဘာမြေ ဘေးကင်းစေဖို့
အတွေးကြံဆ ကာကွယ်ရာ၊
အိုဇုန်းလွှာ မပေါက်ပြဲရေး
စောင့်ရှောက်လို့ကာ၊
လျှော့ချသုံးစွဲ ရုပ်ကြွင်းလောင်စာ
သစ်ပင်များစွာ စိုက်ပျိုးပေး၊
နှစ်စဉ်သာ သစ်တောများကို
ပေါများအောင်မွေး။

\- ဓာတ်ငွေ့လောင်စာ ဓာတုဆေး
လျှော့ချသုံးရေး ဆောင်ရွက်ပါ၊
ခရမ်းလွန်ရောင်ခြည် မကျရောက်ဖို့
စောင့်ရှောက်လို့ကာ၊
ဂေဟစနစ် ထိန်းသိမ်းကာ
စိုက်ပျိုးပါ သစ်ပင်များ၊
တောင်ယာတွေ မီးရှို့ခြင်းကို
စည်းကမ်းဖြင့်တား။

\- နိုင်ငံတကာ ပေါင်းစုအားဖြင့်
တားဆီးသွား ညီညီညာ၊
အိုဇုန်းလွှာ ထိန်းသိမ်းရေး
အားပေးကူပါ၊
"တစ်ဆယ့်ခြောက်ရက်"စက်တင်ဘာ
လှုံ့ဆော်ကာ သတ်မှတ်ပေး၊
အိုဇုန်းလွှာ မပေါက်ပြဲရေးကို
စောင့်ရှောက်စို့လေး။ ။

**ရွှေတိုး(ထုံးဘို)**

# ကံမမြို့နယ် ထန်းလေးပင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း

**ကံမ စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထန်းလေးပင် ကျေးရွာအုပ်စု ထန်းလေးပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးသုထက်အောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း လက်စွဲစာစောင်ပါ ကော်မတီဝင် ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး ခေတ္တမြို့နယ်ဦးစီးမှူးက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထန်းလေးပင်ကျေးရွာ၌ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လှ**

# မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၁၃၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေထောက်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၁၃၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၁၃၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ မြေထောက်ပဲ ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မြေထောက်ပဲကို အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားပါမယ်"ဟု မော်လိုက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိန်ဦးက ပြောပြသည်။

မော်လိုက်မြို့နယ်တွင် မြေထောက်ပဲစိုက်တောင်သူများ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိန်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ပျော်ဘွယ်မြို့နယ် ငွေပုလဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**ပျော်ဘွယ် စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် ဒဟတ်ကုန်းကျေးရွာအုပ်စု ငွေပုလဲကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ငွေပုလဲကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ငွေပုလဲကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၄ ဒသမ ၅၄ သန်း စုစုပေါင်း ငွေကျပ် ၂၉ ဒသမ ၅၄ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းထံမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



**Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။




ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄



ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်** ၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား







**ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၂ ၃၂၇

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၂

**ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀


## ဖခင်အမည်မှန်

အမရပူရမြို့နယ်၊ မှန်တန်းရပ်၊ ပလစ(၂)၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ Grade-12 စက်မှု(MT)တွင် ပညာသင်ကြားနေသော မောင်ဟိန်းထက်အောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကျော်ဦး** ဖြစ်ပါကြောင်း။ **ဦးကျော်ဦး**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ELC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဇော်မင်းအောင်၏ဖခင်အမည်မှန်မှာ **ဦးချင်ချောင်ဟွ** ဖြစ်ပါကြောင်း။

**ဦးချင်ချောင်ဟွ(၁/မမန(နိုင်)၀၀၉၈၀၉)**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထက-မလှိုင်၊ Grade-12 အတန်းတွင် ပညာသင်ကြားနေသော မောင်အေးချမ်းမောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးတင်မြင့်အောင်** ဖြစ်ပါကြောင်း။

**ဦးတင်မြင့်အောင်(၉/တသန(နိုင်)၁၁၃၂၉၈)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ Ever Top ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 အတန်းတွင် ပညာသင်ကြားနေသော မောင်ခန့်ဘုဏ်းပြည့်၏ ဖခင်အမည်မှန်မှာ **ဦးဝင်းမောင်သန်း** ဖြစ်ပါကြောင်း။

**ဦးဝင်းမောင်သန်း(၉/မနမ(နိုင်)၁၀၈၂၇၆)**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အထက-အုန်းချော၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးသက်ပိုင်မှူး (မိခင်) ဒေါ်အေးဇင်မာ တို့၏သမီး မသဇ္ဇာပိုင်မှူး၏အမည်မှန်မှာ **မသင်ဇာပိုင်မှူး** ဖြစ်ပါကြောင်း။

**မသင်ဇာပိုင်မှူး(၉/ပသက(နိုင်)၁၈၆၇၀၆)**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ AAK ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-6 အတန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်မင်းအောင်၏သား **မောင်ဘုန်းပြည့်စုံလျှံ**၏ မွေးစာရင်းအမှန်မှာ ၂၀-၁၁-၂၀၁၄ ဖြစ်ပါကြောင်း။ **မောင်ဘုန်းပြည့်စုံလျှံ၊ ၂၀-၁၁-၂၀၁၄**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး(ဘက) အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မမေမြတ်သူ၏ မွေးသက္ကရာဇ်အမှန်မှာ **၂၈-၈-၂၀၀၈** ဖြစ်ပါကြောင်း။ **မမေမြတ်သူ၊ ၂၈-၈-၂၀၀၈**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အထက-၁၃၊ Grade-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးနေလင်းဦး(၉/မဟမ(နိုင်)၀၁၄၅၂၂)၊ (မိခင်) ဒေါ်အေးမြတ်မွန်(၉/ကပတ(နိုင်)၁၇၀၂၇၈)တို့၏သမီး မနှေးထည်ဝါလင်း၏အမည်မှန်မှာ **မနှေးထယ်ဝါလင်း** ဖြစ်ပါကြောင်း။

**မနှေးထယ်ဝါလင်း(၉/မဟမ(နိုင်)၁၀၀၂၁၅)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အထက(၁၃)ကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မနန့်အေးစုခိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးစသခလိန်** ဖြစ်ပါကြောင်း။ **ဦးစသခလိန်(၁၄/မမန(နိုင်)၁၈၁၀၄၂)**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး(ဘက) အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ) ဦးမြင့်အောင်၏သမီး မဆန်းယုလွင်အား **မစန်းယုလွင်** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မစန်းယုလွင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊ Grade-12(စံပယ်ခန်း)မှ မဒါလီလင်း၊ အလက(ရှမ်းတောင်ဦး)၊ Grade-8 မှ မမြတ်ဆုလင်းနှင့်(မူလွန်-သပြေသာ)၊ Grade-4 မှ မဟာန်နွေလင်းတို့၏ ဖခင်အမည်မှန်မှာ **ဦးတင်ဝင်း** ဖြစ်ပါကြောင်း။ **ဦးတင်ဝင်း(၉/ကဆန(နိုင်)၁၆၅၄၄၀)**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထက-မလှိုင်၊ Grade-12 အတန်းတွင် ပညာသင်ကြားနေသော မောင်နေလင်းထွန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးချစ်စမ်းမောင်** ဖြစ်ပါကြောင်း။


**ဦးချစ်စမ်းမောင်(၉/မလန(နိုင်)၁၁၉၁၆၈)**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## အနောက်တောင်မုတ်သုံလေ ဆုတ်ခွာသည့်အခြေအနေ



၂၀၂၆ ခုနှစ် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ အနောက်တောင်မုတ်သုံလေဆုတ်ခွာသည့်ရက်ပြပုံ

**နေပြည်တော် စက်တင်ဘာ ၁၅**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်း ဒေသများမှ ဆုတ်ခွာခဲ့ပြီး ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

## ၃၄ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အလေးမ၊ Teqball အားကစားအဖွဲ့များနှင့် ၅၈ ကြိမ်မြောက် ကာယဗလနှင့်ကာယကြံ့ခိုင်မှုတံခွန်စိုက်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ စခန်းသွင်းလေ့ကျင့်လျက်ရှိ



**ရန်ကုန် စက်တင်ဘာ ၁၅**

၃၄ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အလေးမနှင့် Teqball အားကစားအဖွဲ့များ၏လေ့ကျင့်နေမှု၊ ကျိုက္ကဆံကွင်းအတွင်းရှိ အားကစားရုံများနှင့် မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်တွင် ၅၈ ကြိမ်မြောက် ကာယဗလနှင့် ကာယကြံ့ခိုင်မှုတံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့တို့၏ လေ့ကျင့်နေမှုများကို ယနေ့နံနက်ပိုင်းတွင်

စာမျက်နှာ ၁၉ ကော်လံ ၄ ☆

ရတနာပုံ ယနေ့ ဖတ်စရာ

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ - ၁၈

## “ဝ”အထူးဒေသ မန်မန်းဆိုင်မြို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ပန်ဆန်း စက်တင်ဘာ ၁၅**

ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုအရ ရှမ်းပြည်နယ်(မြောက်ပိုင်း) “ဝ” အထူးဒေသ ပန်ဆန်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန အောက်ရှိ မန်မန်းဆိုင်မြို့တွင် ယမန်နေ့နံနက်ပိုင်းက ပန်ဆန်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ “ဝ”ကျန်းမာရေးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်း၍ ဒေသခံပြည်သူများကို ကွင်းဆင်း ဆေးကုသပေးခဲ့သည်။

စာမျက်နှာ ၁၉ ကော်လံ ၃ ●



## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တရားမဝင် Online လောင်းကစားလုပ်ကိုင်သူ တရုတ်ခံ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၃ ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၁) ရပ်ကွက် ဗိုလ်ဆွန်ပက်လမ်းရှိ အိမ်အမှတ် ၁၈၃ ၌ Online လောင်းကစားပြုလုပ်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၆ ခုနှစ် ဩဂုတ် ၂၁ ရက်ညပိုင်းတွင် အဆိုပါနေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ One5one၊ buffalo 169၊ fujiu၊ Sport169 Game Website များတွင် Agent အကောင့် ခုနစ်ခုဖွင့်လှစ်၍ Online Game လောင်းကစားလုပ်ငန်းကို ဦးဆောင်လုပ်ကိုင်သူ အေးညာဏ်ပိုင်၊ တရုတ်ခံ အမျိုးသား ငါးဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၂၅ ဦးတို့ကို Online လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော All In One Computer သုံးလုံး၊ System Box နှင့်တွဲလျက် Computer Desktop ရှစ်လုံး၊ Computer Desktop နှစ်လုံး၊ Laptop ၁၂ လုံး၊ ပရင်တာတစ်လုံး၊လက်ကိုင်ဖုန်း ၃၆ လုံး၊ Tablet ဖုန်းသုံးလုံး၊

စာမျက်နှာ ၂၃ ကော်လံ ၁ ◆

## သီပေါမြို့နယ် နမ့်ခမ်းကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ


သီပေါမြို့နယ် နမ့်ခမ်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၁၅**

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး ဒေသတွင်းပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများကို ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင်

စာမျက်နှာ ၂၂ ကော်လံ ၁ ✱

## မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက် မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၅**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊မိုးထစ်ချုန်းခြင်း၊မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

ရတနာပုံ ယနေ့ ဖတ်စရာ

**ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ကျောင်းသူကလေးငယ်တစ်ဦးကို သတ်ဖြတ်၍ ရွှေနားကွင်းလုယက်ယူဆောင်သူ ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ - ၂၄